ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့။ Sunday, 7 June 2026 ၁၂၂၀၂

**ကျန်းမာမှ ပညာသင်နိုင်မည်**
**ကျန်းမာမှ အလုပ်လုပ်နိုင်မည်**

**လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေးနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေး ကြိုးပမ်းဆောင်ရွက်ရမည်။**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူမြို့ရှိပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ စောသူရကြည်ဖေနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး မျက်စိလူနာဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်း လူနာဆောင်တို့၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားမှုတို့ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသတစ်ဝိုက်၌ စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၃ ကော်လံ ၃ သို့ ○**



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဇွန် ၆

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ဘားအံမြို့၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက (အခွန်လွတ်) တောင်သူလယ်သမားဈေး ဖွင့်လှစ်ရောင်းချ

ဘားအံ ဇွန် ၆

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်ကုန်များကို သက်သာသောနှုန်းထားဖြင့် စားသုံးသူလက်ဝယ်တိုက်ရိုက်ရောက်ရှိစေရေးအတွက် လစဉ်ပထမပတ်၏ စနေနေ့တိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက (အခွန်လွတ်) တောင်သူလယ်သမားဈေး ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာသို့ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး သွားရောက်ကြည့်ရှုအားပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့ ❁**

ယနေ့ ဖတ်စရာ

**နို့စားနွားမွေးမြူရေးအား သမားရိုးကျမွေးမြူခြင်းမှသည် ခေတ်နှင့်အညီ သိပ္ပံနည်းကျ စီးပွားဖြစ်မွေးမြူကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများအပါအဝင် အမျိုးမျိုးသောအကြောင်းများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အပူချိန်မြင့်မားမှုများကို တစ်မူထူးကဲစွာ ကြုံတွေ့နေရသည်။ လက်ရှိတွင် နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေသို့ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ယခုအခါ အယ်လ်နီညို အစပြုသည့်အခြေအနေများ ကြုံတွေ့ခံစားနေရပြီး နှစ်ကုန်ပိုင်းတွင် ယခုအခြေအနေထက် ပိုမိုလွန်ကဲလာမည်ဖြစ်သောကြောင့် အပူချိန်မြင့်မားလာမှုကို ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယခုအနောက်တောင်မုတ်သုံလေဝင်ရောက်လာသည့် မိုးတွင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းပြီး အပူချိန်သက်သာမှုများ ဖြစ်ပေါ်လာရမည်ဖြစ်သော်လည်း မိုးတစ်ဖြိုက်၊ နေတစ်ဖြိုက်ဖြစ်ပေါ်ပြီး အပူရှိန်ပြင်းထန်နေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်နှင့်မုတ်သုံဖြစ်စဉ်များ ဒွန်တွဲဖြစ်ပေါ်နေပြီး သဘာဝဖြစ်စဉ်နှစ်မျိုး အားပြိုင်နေသည်ကို တွေ့ရမည်။ မိုးရာသီကာလတွင် စိုစွတ်မှုနှင့် ပူပြင်းမှုတို့ကို တစ်ပြိုင်တည်းခံစားကြရမည်ဖြစ်ပြီး ယခုနှစ်နှောင်းပိုင်း မိုးအကုန်ဆောင်းအကူးကာလတွင် ပြည်သူများအနေဖြင့် ရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုဖြစ်စဉ် အားကောင်းလာမှုကြောင့် အပူရှိန်ပြင်းထန်မှုကို မိုးလေဝသဌာနများ၏ ခန့်မှန်းချက်များအတိုင်း ပြင်းပြင်းထန်ထန်ခံစားရလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ပြင်းထန်သောအပူလှိုင်းသက်ရောက်မှုအဖြစ် ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အရှေ့အလယ်ပိုင်းဒေသ ဘာရိန်းနိုင်ငံ၌ အပူချိန် ၄၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် နိုင်ငံ၏အမြင့်ဆုံးအပူချိန်မှတ်တမ်းဝင်ခဲ့သည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းဝင် အမြင့်ဆုံးအပူချိန်ကို ပါကစ္စတန်နိုင်ငံ ဂျာကိုဘာဘတ်မြို့၌ ၄၉ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်စ်(၁၂၁ ဒီဂရီဖာရင်ဟိုက်)ဖြင့်စံချိန်တင်ခဲ့သည်။ ဧပြီလလယ်မှ မေလအတွင်း အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပူချိန်အလွန်မြင့်မားခဲ့သည်။ အိန္ဒိယနိုင်ငံရှိ မြို့များစွာတို့တွင် နေ့စဉ်အမြင့်ဆုံးအပူချိန် ၄၆ ဒီဂရီဆဲလ်စီးယပ်စ်အထက်တွင်ရှိခဲ့ပြီး အပူလျှပ်ခြင်း၊ အပူလွန်ကဲခြင်းတို့ကြောင့် သေဆုံးသူ ၃၇ ဦးရှိကာ ပါကစ္စတန်နိုင်ငံတွင် ၁၀ ဦးသေဆုံးခဲ့ကြောင်းသိရသည်။ ဥရောပအနောက်ပိုင်းဒေသများတွင်လည်း မေလ၌ အမြင့်ဆုံးအပူချိန်ဖြစ်ပေါ်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် အပူဒဏ်ကြောင့် သေဆုံးသူ ခုနစ်ဦးအထိ ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုနွေရာသီကာလများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထက်တွင်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် နွေရာသီကာလက အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် စံချိန်သစ်တင်ခဲ့သော ချောက်မြို့သည် ယခုနှစ် ဧပြီလတွင် အပူချိန် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ယခုနှစ် ဇွန်လပထမပတ်အထိ အပူဒဏ်အန္တရာယ်ကြောင့် သေဆုံးသူ သုံးဦးရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရသူ ၇၄ ဦးရှိကြောင်း သိရသည်။ နွေရာသီကာလက အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်တတ်သည့် ထိခိုက်ခံစားမှုများကို လျော့နည်းသက်သာစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့များ၌ ၂၀၂၆ ခုနှစ် မတ်လမှစတင်၍ အရိပ်ရအေးမြသည့်နေရာများ၊ လေဝင်လေထွက်ကောင်းမွန်သည့်နေရာများတွင် အပူရှောင်စခန်းများဖွင့်လှစ်ပေးပြီး လာရောက်နားခိုသူပြည်သူများအား လိုအပ်သည်များကို ကူညီစောင့်ရှောက်မှုများ ပေးခဲ့သည်။

နိုင်ငံတော်အနေဖြင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး လာမည့်ကာလများတွင် မိုးလေဝသဌာနများက အသိပေးထားသည့်အတိုင်း ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများအလိုက် မပြတ်စီမံဆောင်ရွက်လျက်ရှိသည်။ ရေရှည်အစီအမံများအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျှော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အစားထိုးအသုံးပြုနိုင်ရေး၊ သစ်တောသစ်ပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ရာသီဥတုနှင့်သဟဇာတဖြစ်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ကမ္ဘာကြီးပူနွေးမှုကိုအားပေးသည့် အအေးပေးဒြပ်ပစ္စည်းအသုံးပြုမှုလျှော့ချရေးနှင့် ပိတ်ပင်တားမြစ်ရေး စသည့် ကဏ္ဍအသီးသီးတို့တွင် နိုင်ငံတကာနှင့်အတူ တက်တက်ကြွကြွ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံသည် နေရောင်ခြည်ကို ပေါကြွယ်ဝစွာရရှိနေသော်လည်း နေရောင်ခြည်စွမ်းအင်အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မှုပမာဏသည် နည်းပါးလျက်ရှိနေပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်ယူနိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့်အချိုးအစားဖြင့် ဆိုလာစနစ်အားထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ဆိုလာစနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးဟူ၍ နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိနေပါသည်။

ယင်းသို့ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာကန့်သတ်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများ၊ စီမံကိန်းများသည် လျင်မြန်စွာအကောင်အထည် ပေါ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့် ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန်** - ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်
ကွပ်ကဲရေးဦးစီးဌာန
၀၉ ၄၃၀၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁
dgdptsc2021@gmail.com

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ကျောက်ဖြူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ကျောက်ဖြူ ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းသူက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့ထားသည့် သဝဏ်လွှာ ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)၏ အမှုဆောင်ညွှန်ကြားရေးမှူးထံမှ ပေးပို့ထားသည့် သဝဏ်လွှာဗီဒီယိုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကလစ်တို့ကို ဖွင့်လှစ်ပြသသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အရည်အသွေးအာမခံမှု စံသတ်မှတ်ချက်ဟောပြောဆွေးနွေး

**ရန်ကုန် ဇွန် ၆**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် အရည်အသွေးမြင့် အဆင့်မြင့်ပညာရေးကို ဖော်ဆောင်နိုင်ရေးရည်ရွယ်၍ တက္ကသိုလ်ဆရာ ဆရာမများအနေဖြင့် အရည်အသွေးရှိသော သင်ကြားသင်ယူမှုစနစ်များ သိရှိနားလည်စေရန် အရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များ သိရှိလိုက်နာကျင့်သုံးနိုင်ရေးအတွက် ဟောပြောဆွေးနွေးပွဲကို ဇွန် ၄ ရက်က အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။

**ဆွေးနွေးဟောပြော**

ဟောပြောပွဲတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာ မျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ သီတာအောင်က သင်ကြားသင်ယူမှု၊ ချဉ်းကပ်မှုနည်းလမ်းများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ၆ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **စာတည်းမှူး** - အေးဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ | |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** - ဇင်မာဝင့် | |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့ | |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့ | |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

☆ ရွှေဖုံးမှ

လိုက်လံကြည့်ရှုမေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုဆေးရုံအား ခုတင်-၃၀၀ အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ အခြား အခြေခံလိုအပ်ချက်နှင့် အထောက်အကူပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံပတ်ဝန်းကျင်အတွင်း သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများအား တစ်ဦးချင်း လိုက်လံကြည့်ရှုအားပေး စကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်**

အလားတူ နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေး အခြေအနေများကို တစ်ဦးချင်း လိုက်လံကြည့်ရှုမေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်သင်ကြားလျက်ရှိသည့် နိုင်ငံ့သားကောင်းသင်တန်းသားများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ စားရိပ်သာ၊ အိပ်ဆောင်များ၊ သန့်စင်ခန်းများ၊ စာကြည့်တိုက်နှင့် ဆံသဆိုင်များအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## မြိတ်မြို့နယ်၌ လူထုဖြန့်ပျိုးပင်များ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေ

**မြိတ် ဇွန် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သစ်တောဦးစီးဌာနက မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များကို ယမန်နေ့က တက္ကသိုလ်ရပ်နှင့် ရှမ်းချောင်းရပ်ရှိ ပြည်သူလူထုအား အိမ်တိုင်ရာရောက် အခမဲ့ ဖြန့်ဝေပေးသည်။

ဦးစွာ သစ်တောဦးစီးဌာန တာဝန်ရှိသူများက စိန်ပန်း၊ ခရေ၊ မန်ကျည်း၊ ထိုင်ဝမ်ဗန်ဒါ၊ စကြာပန်း ပျိုးပင်များကို မြိတ်တက္ကသိုလ် ပါမောက္ခချုပ်ထံ ပေးအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ပျိုးပင်များကို တက္ကသိုလ်ရပ်နှင့် ရှမ်းချောင်းရပ်ရှိပြည်သူများထံ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

○ ရွှေတန်းပြန်မှ

တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




❁ ဘားအံမြို့မှ

အဆိုပါဈေးတွင် ဒေသခံစိုက်ပျိုး မွေးမြူထုတ်လုပ်သူများ၏ မွေးမြူရေးထုတ်ကုန် အရောင်းဆိုင်ခန်းများ၊ စားဖိုဆောင်သီးနှံ အရောင်းဆိုင်ခန်းများ၊ ပြည်နယ်ဆန်ကုန်သည်ကြီးများ အသင်းနှင့် ဆီကုန်သည်ကြီးများ အသင်းတို့၏ ဆန်၊ စားသုံးဆီ အရောင်းဆိုင်ခန်းများ စုစုပေါင်း ဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် စားသုံးသူ ပြည်သူများထံ တိုက်ရိုက်ရောင်းချခြင်းဖြစ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဘားအံမြို့နယ် လှာကဒေါင် ကျေးရွာအုပ်စု တောင်နားကျေးရွာရှိ ပီတိကရင်ရိုးရာအထည်ရက်လုပ် ရောင်းချသည့်လုပ်ငန်းကို လည်းကောင်း၊ အိန္ဒူကျေးရွာ ပအိုဝ်းစု အထက်ပိုင်းရှိသစ်လွင်ရက်ကန်း ကုန်ထုတ်သမဝါယမအသင်း လီမိတက်မှ ရက်ကန်းလုပ်ငန်းရှင် ဦးခွန်စိန်သန်း၏ ရက်ကန်းစင်များကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူဘူတာအသစ် ဆောက်လုပ်မည့်နေရာနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားဘူတာမှ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု၊ မီးရထားလမ်းပိုင်း တစ်လျှောက် သန့်ရှင်းသာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဘူတာအဝင်၊ အထွက်နေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မီးရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ အသုံးပြုခြင်းမရှိသည့် မီးရထားသံလမ်းများအား ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားသွားလာရေးစနစ်တွင် လမ်းများသည် အဓိကကျသည့်အတွက် လမ်းများ ကောင်းမွန်အောင် အလေးထား ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်တောင်ငူဘူတာသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်နေမှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှောင် ရထားလမ်းနှင့် တောင်ငူဘူတာအသစ် ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မြို့ရှောင်ရထားလမ်း ဖောက်လုပ်ရာတွင် ရေထွက်ပေါက်များနှင့် ရထားလမ်းတာပေါင်များ စနစ်တကျဖြင့် ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေး ဆောင်ရွက်ရန်၊ ဘူတာသစ်ဆောက်လုပ်ရာတွင်လည်း နောင်တစ်ချိန်တွင် ဖြစ်ပေါ် တိုးတက်လာနိုင်သည့် မီးရထားခရီးစဉ်များနှင့် ခရီးသွားဦးရေကို ကြိုတင်တွက်ဆ၍ တွက်ချက် တည်ဆောက်သွားရန်လိုပြီး မီးရထားစက်ခေါင်းများနှင့် မီးရထားယာဉ်ဝန်များကိုလည်း စနစ်တကျ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**တောင်ငူခရိုင် အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေမှု**

ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့ ရောက်ရှိကြရာ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တောင်ငူ အားကစားကွင်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်နေထိုင်သည့် လူဦးရေ၊ လာရောက်ကြည့်ရှုမည့် ပွဲကြည့်သူဦးရေတို့အပေါ် မူတည်တွက်ချက်၍ ၎င်းနှင့် ကိုက်ညီမည့် အဆင့်မီသည့် ပွဲကြည့်စင်များဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် နောင်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီစွာ တိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေး အတွက်လည်း ကြိုတင်ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အားကစားကွင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တောင်ငူမြို့ အားကစားကွင်းနှင့် ပွဲကြည့်စင်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန် မှာကြားသည်။

**ကေတုမတီ မြို့ဟောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေး**

ထို့နောက် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်သမ္မတသည် တောင်ငူ ကေတုမတီနန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ဖော်ထုတ်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှု၊ အနောက်ဘက်မြို့ရိုး စင်တံခါးအနီး မြို့ရိုးဖော်ထုတ်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ မြောက်ဘက်ကျုံးနေရာတွင် ကျုံးမြို့ရိုးနှင့် နွံကျုံးများ တူးဖော်ထားရှိမှု၊ ရေကျုံးနံရံပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောက်စီထားရှိမှု၊ ကျုံးရိုးလျှောက်လမ်းများ လက်ရန်းတပ်ဆင်ခြင်း၊ ကွန်ကရစ်ဘလောက်တုံးခင်းခြင်း၊ မြေယာရှင်းလုပ်ဆောင်ခြင်းများ ဆောင်ရွက်ထားရှိမှုတို့ကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့၏သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များ၊ နန်းမြို့ရိုးများနှင့် ကျုံးများသည် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့်အတွက် တတ်စွမ်းသမျှ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထား များကို ဖော်ထုတ်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ၏ တန်ဖိုးပင်ဖြစ်ကြောင်း၊ ကေတုမတီနန်းတော်ရာ၊ မြို့ရိုးနှင့်ကျုံးတို့သည် ဒဏ္ဍာရီမဟုတ်ဘဲ အမှန်တကယ်ရှိခဲ့သည့် သမိုင်းကြောင်း အစဉ်အလာ ကြီးမားခဲ့သည့် ရှေးဟောင်းအမွေအနှစ် တစ်ခု ဖြစ်သည့်အတွက် စနစ်တကျ

**စာမျက်နှာ ၅ သို့**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူခရိုင် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❂ စာမျက်နှာ ၄ မှ

သုတေသနပြုလုပ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ကျုံးကူးတံတားများနှင့် ဆက်စပ်လျက်ရှိသည့်လမ်းများ ပြန်လည်ဖော်ထုတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် မူလပုံစံများအတိုင်း ဖြစ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ကေတုမတီ နန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာ အနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစံကွက် ရိတ်သိမ်းခြင်း ဆောင်ရွက်နေမှု၊ သီးနှံပင်များအတွက် အလွယ်တကူ သုံးစွဲနိုင်သည့် တန်ဖိုးနည်း သဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွံမီးသွေးထုတ်လုပ်မှု သရုပ်ပြသခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လာရောက်လေ့လာကြသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်းအားပေးစကား ပြောကြားပြီး မျိုးစပါးများရရှိရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအားများ ကောင်းမွန်မှုရှိစေရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးအကြံပြု ပြောကြားသည်။



ကေတုမတီမြို့ဟောင်းကျုံး ပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

**တောင်ငူခရိုင် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်သမ္မတသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေခံလေတပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဧကွက်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ တောင်ငူခရိုင်အတွင်းနှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးမြေများအား စနစ်တကျအသုံးချဆောင်ရွက်လျက်ရှိမှု၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်စေရေး စိုက်ပျိုးလျက်ရှိမှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ မိုးသီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံမှု၊ ရေဆင်းပေါ်ဆန်းစပါးစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုများ တိုးတက်လာမှု၊ ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှု၊ ရာဘာစတာကော်ဖီများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဟင်းသီးဟင်းရွက်များနှင့် တစ်အုပ်တစ်မစိုက်ခင်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာများ ထုတ်လုပ်လျက်ရှိမှု၊ **စာမျက်နှာ ၆ သို့ ❂**



ကေတုမတီနန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှု မှတ်တမ်းများ။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာအနီး၌ စိုက်ပျိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❂ စာမျက်နှာ ၅ မှ

Drum Seederများ ထုတ်ပေးထားရှိမှု၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက် အသားဖူလုံမှု၊ MSME လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်မှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်လူမှုစီးပွားဘဝတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း မိုးသီးနှံများ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ မိုးရာသီအတွင်း စပါးအမျိုးအစားများအလိုက် စိုက်ပျိုးလျက်ရှိမှု၊ မြေဆီလွှာဖွံ့ဖြိုးရေး လုပ်ငန်း ဖြစ်ထွန်းအောင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး လုပ်ငန်းများအတွက် စက်ယန္တရားများအသုံးပြု၍ ကောက်ကွက်များ ဖော်ဆောင်ပြီး ဆောင်ရွက်မည် ဆိုပါက များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီသည် တိုင်းပြည်အတွက် ထုတ်ကုန်အဖြစ် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ မြို့သစ်ဖော်ဆောင်ရေးအတွက် Town Plan ရေးဆွဲဆောင်ရွက်ထားရှိမှု၊ မြို့သစ်စီမံကိန်းအတွင်း မီးရထားလမ်းအသစ် ဖောက်လုပ်ရေး ဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်မှုဆိုင်ရာ အစိုးရရုံးဌာနများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဝန်ဆောင်မှုဆိုင်ရာ နေရာများ၊ အပန်းဖြေရန်နေရာများ၊ စိမ်းလန်းနေရာများ ထည့်သွင်းဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် တောင်ငူခရိုင်ကို အထူးဖွံ့ဖြိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နှင့် ဆက်စပ်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်ငူဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ဒေသနှင့်ဆက်စပ်လျက်ရှိသည့် အခြားဒေသများမှ သူများသည်လည်း မိမိတို့ဒေသအတွက် ကြိုးစားလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို စဉ်းစားဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အဓိကဆောင်ရွက်နေကြခြင်း ဖြစ်သော်လည်း ရေရှည်တွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပသို့ ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

> ✳ **တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်**

**တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများ ထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက် ကွင်းများ၌လည်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊** ထိုမှတစ်ဆင့် ငါးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ကြက်၊ ဘဲ၊ ဆိတ်၊ ဝက်၊ နွားတို့ကို တိုးချဲ့မွေးမြူခြင်းအားဖြင့်လည်း ဒေသတွင်း မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်ပစ္စည်းများကို ဒေသတွင်း နေထိုင်သူများ အနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့သစ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များ အပေါ်တွင်မူတည်၍ စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ရသည်ဖြစ်သဖြင့် ဒေသအလိုက်မှလည်း အခြေခံအချက်အလက်များကို မှန်မှန်ကန်ကန်ပြုစုတင်ပြကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ မြေကိုအကျိုးရှိရှိအသုံးပြုသွားရန်လိုပြီး မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန် အသုံးချသွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ဧကတိုးချဲ့ခြင်းထက် ရှိပြီးဖြစ်သည့် စိုက်ဧကများတွင် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအားပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေနှင့် အောင်ရေများ ပြည့်ပြည့်ဝဝ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်များ၊ ချောင်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်ချက်များရှိခဲ့သဖြင့် ယခုအခါ မြစ်ချောင်းများ တိမ်ကောခြင်း၊ နုန်းပို့ချမှုများပြားလာခြင်းများ၊ ရေအရင်းအမြစ် လျော့နည်းလာခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြစ်ချောင်းများရေစီးဆင်းမှု ပြန်လည်ကောင်းမွန်ရေး ပြန်လည် ထိန်းသိမ်းသွားရန်လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကိစ္စရပ်မှန်သမျှကို ဒေသအတွက်၊ နိုင်ငံ့အတွက် ရေရှည်အကျိုးကို မြော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပညာတတ် လူသားအရင်းအမြစ်များ လျော့နည်းလာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် မည်ကဲ့သို့မျှ ကောင်းမွန်မှုမရှိသည်ကို သတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး အလေးထားတိုက်တွန်း အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကောင်းမွန်မှုရှိမှသာလျှင် ကလေးငယ်များ၏ အနာဂတ်ဘဝလမ်းကို ကောင်းမွန်စွာဖြစ်တည်သန်းနိုင်မည်ဖြစ်သည်ကို အသိပညာပေးဟောပြောခြင်းများဖြင့် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်ရန် လိုကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး အလုပ်လုပ်နိုင်မှသာလျှင် ဝင်ငွေရရှိနိုင်မည်ဖြစ်ကာ လူတစ်ဦးချင်းစီအလိုက်မှစ၍ ဒေသအလိုက်၊ ခရိုင်အလိုက် စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်စေရေးအတွက် လက်ရှိနိုင်ငံတကာတွင် ဖြစ်ပေါ်ကြုံတွေ့ရလျက်ရှိသည့် စက်သုံးဆီအခက်အခဲများ အပါအဝင် အခြားအခြေခံလိုအပ်ချက်များကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ အလုပ်လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းပေးမှုများကို အကျိုးရှိရှိနှင့် စနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း၊ အမှန်တကယ်လိုအပ်သည်မှာ အလုပ်လုပ်ကြရန်နှင့် မိမိအတွက်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် အလုပ်လုပ်ကိုင်လိုစိတ်များရှိကြရန်ပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ကြုံတွေ့လာနိုင်သည့် အခက်အခဲ၊ အကျပ်အတည်းမှန်သမျှကိုလည်း ဖြေရှင်းနိုင်ရေး စဉ်ဆက်မပြတ် လေ့လာသွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့ကို အထူးဖွံ့ဖြိုးရေး ဒေသများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဒေသများမှတစ်ဆင့် အခြားမြို့များကိုလည်း **စာမျက်နှာ ၇ သို့** ❂

❂ စာမျက်နှာ ၆ မှ
ဆင့်ကဲ အထူးဖွံ့ဖြိုးတိုးတက်သောဒေသများအဖြစ် ဖြစ်ပေါ်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့အနေဖြင့် စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်၏ အထက်ပိုင်း၊ အောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း စသည့်ဒေသများသို့ လက်လှမ်းမီ ချိတ်ဆက်နိုင်သည့် အလယ်ဗဟိုချက်နှင့် မြေလတ်ဒေသများ ဖြစ်သည့်အတွက်လည်း အောင်မြင်နိုင်မည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့ကွပ်ကဲမှု လက်လှမ်းမီရာ ဒေသများအလိုက်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်း လာစေရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်နေရသည့်ကာလအတွင်း မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကေတုမတီမြို့သစ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးရဲဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကြက်ခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ကြက်စာအဖြစ် ထုတ်လုပ်ကျွေးမွေး၍ မွေးမြူလျက်ရှိမှု၊ ကြက်ခြံတွင် အသုံးပြုလျက်ရှိသည့် Evaporated cooling system (အအေးပေးစနစ်) အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိမှုနှင့် ဈေးကွက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Evaporated cooling system (အအေးပေးစနစ်)ဖြင့် ဥစားကြက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျွန်းကုန်းဘူတာမှ RBE အထူးရထားဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇွန် ၅ ရက်က လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Asia Pacific Leaders Malaria Alliance (APLMA) တို့ ပူးပေါင်းကျင်းပသည့် (၁၀) ကြိမ်မြောက် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ဒေသခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။




ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Mr Sonexay Siphandone က အဖွင့်အမှာစကား ပြောကြားပြီး လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Madam Baykham Khattiya နှင့် ပြည်ထောင်စုဝန်ကြီးတို့က ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရရှိထားသည့် အောင်မြင်မှုများ၊ တွေ့ကြုံလာရသည့် စိန်ခေါ်မှုအသစ်များ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအချင်းချင်း၊ အထူးသဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များနှင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် GMS Malaria Elimination in 2030: Celebrating Progress and Acknowledging the Need for a Differentiated Approach ခေါင်းစဉ်ဖြင့် ကျင်းပသည့် High-level Round-table Discussion သို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကျန်းမာရေးအရာရှိကြီးများ၊ APLMA မှ တာဝန်ရှိသူများ၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ တက်ရောက်၍ မြန်မာနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်က နေပြည်တော်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် Joint Call to action to Malaria Elimination in the Greater Mekong Subregion နှင့် ပတ်သက်၍ ထပ်လောင်းအတည်ပြု နိုးဆော်ချက်ကို လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုတို့သည် အစည်းအဝေးကျင်းပသည့် ဗီယင်ကျန်းမြို့ Holiday Inn & Suites Vientiane အစည်းအဝေးခန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး Dr Yong Zhang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Madam Baykham Khattiya (မဒမ် ဗေခမ်ခပ်တီးယား) ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာ-လာအို နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနများအကြား MoU လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကြက်ခြေနီအသင်းခွဲ ရုံးသစ်ဖွင့်ပွဲနှင့် "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှုမျှဝေခြင်း" အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၆**

ကြက်ခြေနီအသင်းခွဲရုံးသစ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြက်ခြေနီအသင်းခွဲရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သာကေတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကြက်ခြေနီတေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ချီကျိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က ကြက်ခြေနီအသင်းခွဲရုံးသစ်အဆောက်အအုံအား သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြက်ခြေနီအသင်းခွဲရုံးအဆောက်အအုံအတွက် လိုအပ်သောပစ္စည်းများ လှူဒါန်းကြရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်မြို့ မိုးကောင်းလမ်း မြဝတီမီဒီယာစင်တာ၌ တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှုမျှဝေခြင်း" အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia က အမှာစကားပြောကြားပြီး "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှုမျှဝေခြင်း" အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# တံတားဦးမြို့နယ်၌ သွင်းအားစုပေးအပ်ပွဲ ကျင်းပ

**တံတားဦး ဇွန် ၆**

မန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနက ဦးဆောင်ကျင်းပသည့် သူငယ်တော်ကျေးရွာ ရွှေငယ်မြေလယ်ယာနှင့် အထွေထွေစီပွားရေးလုပ်ငန်းသမဝါယမ အသင်းစပါးစိုက်အသင်းသား တောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး ရန်ပုံငွေ (သက်တန့်ရောင်)စီမံကိန်းက သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ကိုးတောင်ပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန စီးပွားရေးလုပ်ငန်းသမဝါယမ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သွင်းအားစုများကို အသင်းသားတောင်သူများ လက်ဝယ်အရောက် ပေးအပ်သည်။

အသင်း စပါးစိုက်မြေလယ်ယာနှင့်အထွေထွေစီပွားရေးလုပ်ငန်း သမဝါယမအသင်း စပါးစိုက်အသင်းသားတောင်သူ ၂၈ ဦးရှိပြီး စပါးစိုက်ဧက၅၀ အတွက် လိုအပ်သည့် သွင်းအားစုများနှင့် စပါးမျိုးများ တန်ဖိုးငွေကျပ် ၁၄ ဒသမ ၄ သန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နို့စားနွားမွေးမြူရေးအား သမားရိုးကျမွေးမြူခြင်းမှသည် ခေတ်နှင့်အညီ သိပ္ပံနည်းကျ စီးပွားဖြစ်မွေးမြူကြပါစို့

**ဒေါက်တာရဲထွန်းဝင်း**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းတွင် နို့စားနွားမွေးမြူရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယခင်က နို့စားနွားမွေးမြူရေးကို မိသားစုသုံးနို့ရရှိရေးအတွက်သာ ရိုးရာနည်းလမ်းများဖြင့် မွေးမြူခဲ့ကြသော်လည်း ယနေ့ခေတ်တွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးလာခြင်းနှင့် အာဟာရပြည့်ဝသော အစားအစာလိုအပ်ချက် မြင့်တက်လာခြင်းတို့ကြောင့် နို့နှင့် နို့ထွက်ပစ္စည်းများ၏ လိုအပ်ချက်မှာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာလျက်ရှိပါသည်။ နှစ်စဉ် ပြည်ပမှ နို့နှင့် နို့ထွက်ပစ္စည်း (နို့မှုန့်၊ နို့ဆီ၊ နို့စိမ်းနှင့် အသင့်စားနို့ထွက်ပစ္စည်း) ဒေါ်လာသန်း ၆၀ မှ ၁၀၀ ကျော်ဖိုးအထိ တင်သွင်းနေရပါသည်။ ထို့ကြောင့် နို့စားနွားမွေးမြူရေးကို ရိုးရာမွေးမြူမှုစနစ်မှ ခေတ်မီသိပ္ပံနည်းကျ စီးပွားဖြစ်မွေးမြူရေးစနစ်သို့ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**နို့စားနွားမွေးမြူရေး၏ အရေးပါမှု**

နို့သည် လူသားတို့အတွက် အရေးကြီးသော အာဟာရအရင်းအမြစ်တစ်ခုဖြစ်သည်။ နို့တွင် အသားဓာတ်၊ ကယ်ဆီယမ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ များစွာပါဝင်သဖြင့် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ကြီးသူများအတွက် ဘက်စုံအာဟာရကြွယ်သော အစာဖြစ်ပါသည်။ နွားနို့တစ်လီတာတွင် အသားဓာတ် ၃၅ ဂရမ် (နှစ်ကျပ်သား)ခန့် ပါဝင်ပါသည်။ နွားနို့၏အသားဓာတ်ထဲတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်စစ် ကိုးမျိုးအပါအဝင် အခြားအမိုင်နိုအက်စစ် အမျိုး ၂၀ ခန့် ပါဝင်ပါသည်။ ထို့အပြင် ကြွက်သား၊ အရိုးနှင့် ကိုယ်ခံစွမ်းအားအတွက် အလွန်အရေးကြီးသော အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်ပါသည်။

ယနေ့မြို့ပြတွင် နို့ (Fresh Milk) သောက်သုံးမှုမြင့်မားလျက်ရှိပါသည်။ ဟိုတယ်များ၊ မုန့်လုပ်ငန်းများ၊ ကော်ဖီဆိုင်များ ၊ ကလေးအာဟာရဈေးကွက်များတွင် နို့လိုအပ်ချက်တိုးနေပါသော်လည်း ပြည်တွင်းတွင် လုံလောက်အောင် မထုတ်နိုင်သေးသဖြင့် ပြည်ပမှ တင်သွင်းနေရပါသည်။

နို့စားနွားမွေးမြူရေးကို စနစ်တကျ တိုးချဲ့လုပ်ကိုင်လာနိုင်ခြင်းဖြင့် ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွက်လာမည်ဖြစ်ပါသည်။ နို့စားနွားတစ်ကောင်သည် တစ်ရက် နို့ခြောက်ပိဿာမှ ၁၀ ပိဿာခန့်ထွက်နိုင်ပြီး “နေ့စဉ်ဝင်ငွေရသော စီးပွားရေးလုပ်ငန်း” ဖြစ်ပါသည်။ ခြံလုပ်ငန်း၊ နို့ညှစ်လုပ်ငန်း၊ အစာရရှိရေး၊ စားကျက်စိုက်ပျိုးရေး၊ သားစပ်ခြင်း၊ ဆေးကုခြင်း၊ နို့စုဆောင်းခြင်း၊ နို့သယ်ယူပို့ဆောင်ခြင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းမျိုးစုံပေါ်ပေါက်လာမည်ဖြစ်ပါသည်။ နွားချေးသည်လည်း အလွန်တန်ဖိုးရှိသော သဘာဝမြေသြဇာဖြစ်သည့်အပြင် နွားချေးမှ ဇီဝဓာတ်ငွေ့လည်း ထုတ်လုပ်နိုင်ပါသည်။ ထို့အပြင် နို့ထုတ်လုပ်မှုကျဆင်းလာသော နို့စားနွားမများနှင့် နွားအထီးလေးများကို အသားထုတ်လုပ်မှုအတွက် အသုံးပြုနိုင်ပါသည်။

နို့ထုတ်လုပ်မှုတိုးတက်လာလျှင် နို့ထွက်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းလည်း ဖွံ့ဖြိုးလာပါမည်။ နို့ချဉ်၊ ထောပတ်၊ နို့ဆီ၊ အသင့်သောက်နို့၊ နို့စိမ်းနှင့် နို့ခဲထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများ ဖွံ့ဖြိုးလာပါမည်။ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းနှင့်ဆက်စပ်သည့် အိမ်တွင်းမှုလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသတွင်းကုန်ထုတ်လုပ်ငန်းများတိုးတက်လာကာ အမျိုးသမီးအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာပါမည်။

နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းတိုးတက်လာခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်မည့်အပြင် နို့စားနွားမွေးမြူခြင်းမှ အကျိုးအမြတ်ရရှိပြီး ကျေးလက်အခြေပြုစီးပွားရေး ထွန်းကားလာပါမည်။ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးလာသည်နှင့် အမျှ အခြားဆက်စပ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ အစာစက်ရုံ၊ ဆေးဝါးလုပ်ငန်းများလည်း ဖွံ့ဖြိုးလာပါမည်။

**ရိုးရာမွေးမြူရေးမှ စနစ်တကျမွေးမြူရေးသို့**

ယခင်က နွားများကို လွှတ်ကျောင်းခြင်း၊ လှန်ကျောင်းခြင်းဖြင့် ရိုးရာမွေးမြူရေးစနစ်အရ မွေးမြူခဲ့ပါသည်။ ထိုသို့မွေးမြူခြင်းဖြင့် အစာအာဟာရမညီမျှခြင်း၊ မျိုးကောင်းမျိုးသန့် အသုံးမပြုနိုင်ခြင်းနှင့် ရောဂါကာကွယ်ရေးအားနည်းခြင်းတို့ကြောင့် နို့ထွက်နှုန်းနည်းပါးခြင်းနှင့် စီးပွားရေးအကျိုးအမြတ်ရရှိမှုနည်းပါးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ယနေ့ခေတ်တွင် နို့စားနွားမွေးမြူရေးကို စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါအချက်များကိုအထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါသည်-

**(က) မျိုးကောင်းမျိုးသန့် မွေးမြူခြင်း**

နို့ထွက်နှုန်းကောင်းသော ဖရီရှန်၊ ဂျာဆီ စပ်မျိုးများ(Friesian Cross, Jersey Cross) စသည့် မျိုးကောင်းမျိုးသန့်များကို အသုံးပြုမွေးမြူခြင်းဖြင့် နို့ထွက်နှုန်းတိုးတက်လာနိုင်ပါသည်။ မေထုန်မဲ့သားစပ်ခြင်း (Artificial Insemination – AI) နည်းပညာကိုအသုံးပြု၍ မျိုးရိုးမြင့်မျိုးရည်ဖြင့် သားစပ်ခြင်းသည် နို့စားနွားမျိုးမြှင့်တင်မှုအတွက် အကောင်းဆုံးနည်းစနစ်ဖြစ်ပါသည်။

**(ခ) စနစ်တကျအစာကျွေးမွေးခြင်း**

နို့စားနွားများတွင် အစာအာဟာရသည် အလွန်အရေးကြီးပါသည်။ အစာစိမ်း၊ အစာခြောက်၊ အားဖြည့်အစာ၊ ဗီတာမင်နှင့် သတ္တုဓာတ်များကို မျှတစွာကျွေးမွေးရပါမည်။ နေဇီယာမြက်၊ ပြောင်းချဉ်ဖတ်၊ အေဇိုလာ၊ ပြောင်း၊ ဆန်ကွဲ၊ ဆီကြိတ်ဖတ်စသည်တို့ကို အသုံးပြု၍ အချိုးညီရောစပ်စာစနစ်ဖြင့် အစာကို ရောစပ်ကျွေးမွေးခြင်းဖြင့် နို့ထွက်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။

**(ဂ) နွားခြံစနစ် ကောင်းမွန်ရေး**

နွားခြံသည် လေဝင်လေထွက်ကောင်းမွန်၍ သန့်ရှင်းရမည်။ နွားခြံသည် နွားများအတွက် နေထိုင်ရန် သက်သောင့်သက်သာရှိရန်လိုအပ်ပြီး ခြံတွင်းအလုပ်လုပ်သူများအတွက် လုပ်ရကိုင်ရလွယ်ကူသော ခြံအဆောက်အအုံအပြင်အဆင်ဖြစ်ရန် အရေးကြီးပါသည်။ အပူချိန်မြင့်သောနေရာများ၊ ရာသီများတွင် နွားများကို အပူဒဏ်မှ ကာကွယ်ရန် စီမံထားရှိရန်နှင့် လိုအပ်ပါက ရေပန်း/အအေးပေးစနစ်များ စီမံထားရပါမည်။

**(ဃ) ရောဂါကာကွယ်ထိန်းချုပ်ရေး**

ခွာနာ လျှာနာရောဂါ (Foot and Mouth Disease–FMD)၊အရေပြားအကြိတ်နာရောဂါ (Lumpy Skin Disease–LSD)၊ နို့အုံရောင်ရောဂါ (Mastitis) စသည့်ရောဂါများကို ကာကွယ်နိုင်ရန် ကာကွယ်ဆေးထိုးခြင်း၊ ဇီဝလုံခြုံမှုစနစ်ကျင့်သုံးခြင်း၊ သန့်ရှင်းစွာစနစ်တကျနို့ညှစ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ပုံမှန်ပြုလုပ်ရပါမည်။

> **“ခေတ်နှင့်အညီ သိပ္ပံနည်းကျ နို့စားနွားမွေးမြူရေးသည် နည်းပညာ၊ အချက်အလက်နှင့် စနစ်တကျ စီမံခန့်ခွဲမှုတို့ကို အခြေခံထားသော Modern Agribusiness တစ်ခုဖြစ်လာပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း Smart Dairy Farming၊ သမဝါယမမွေးမြူရေးစနစ်၊ တိရစ္ဆာန်အစာစိုက်ပျိုးထုတ်လုပ်မှုနှင့် အစာထုတ်လုပ်သည့်လုပ်ငန်းများ၊ အအေးချစနစ်ဖြင့် နို့ကောက်/ နို့ပို့စနစ်၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် နို့စားနွားမွေးမြူရေးကဏ္ဍသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဝင်ငွေတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် အရေးပါသော စီးပွားရေးကဏ္ဍကြီးတစ်ခုဖြစ်လာမည်”**

**(င) စီးပွားရေးတွက်ချက်မှုဖြင့် မွေးမြူခြင်း**

ခေတ်မီနို့စားနွားမွေးမြူရေးသည် စီးပွားရေးတွက်ချက်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ အစာကုန်ကျစရိတ်၊ နို့ထွက်နှုန်း၊ မျိုးပွားမှုမှတ်တမ်း၊ ကျန်းမာရေးမှတ်တမ်းနှင့် အရှုံး/အမြတ်များကို စနစ်တကျ မှတ်တမ်းထားတွက်ချက်ပြီး အကျိုးအမြတ် ပိုမိုရရှိရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ရပါမည်။

**ခေတ်နှင့်အညီ သိပ္ပံနည်းကျမွေးမြူရေး**

ယနေ့ကမ္ဘာတွင် Smart Dairy Farming စနစ်များ အသုံးပြုလာကြပြီး နို့ညှစ်စက်များနှင့် အလိုအလျောက်နို့ညှစ်စနစ်များ (Milking Machine, Automatic Milking System)၊ နို့အအေးချကန်များ (Cooling Tank)၊ အီလက်ထရောနစ်ခြံမှတ်တမ်း (Digital Farm Record) နှင့် အာရုံခံစနစ်နည်းပညာ (Sensor Technology)များ အသုံးပြု၍ ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်လာကြပါသည်။ ထို့ကြောင့် နို့စားနွားမွေးမြူရေးသည် “နွားမွေးခြင်း” အဆင့်ကို ကျော်လွန်ပြီး Technology နှင့် Data ကို အသုံးပြုသည့် Smart Dairy Farming စနစ်သို့ တိုးတက်ပြောင်းလဲလာပြီ ဖြစ်ပါသည်။

ယခင်က လူ့အင်အားအပေါ် အခြေခံခဲ့သော မွေးမြူရေးလုပ်ငန်းများသည် ယနေ့တွင် စက်ကိရိယာများ၊ Sensor Technology များနှင့် Digital Management စနစ်များ အသုံးပြုလာခြင်းကြောင့် ထုတ်လုပ်မှုမြင့်မားလာပြီး ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်လာပါသည်။

**(က) နို့ညှစ်စက်နှင့် အလိုအလျောက်နို့ညှစ်စနစ် အသုံးပြုခြင်း**

ယခင်က နွားနို့ညှစ်ခြင်းကို လက်ဖြင့်ဆောင်ရွက်ခဲ့ရာ အချိန်ကြာမြင့်ခြင်း၊ အလုပ်သမားလိုအပ်ချက်များခြင်း၊ နို့အရည်အသွေးမတည်ငြိမ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ ယနေ့ခေတ်တွင် နို့ညှစ်စက်များ အသုံးပြုလာခြင်းကြောင့် နွားတစ်ကောင်ချင်းစီ၏ နို့ထွက်ပမာဏကို တိကျစွာသိရှိနိုင်ခြင်း၊ နို့ညှစ်ချိန်လျှော့နည်းခြင်း၊ သန့်ရှင်းမှုပိုမိုကောင်းမွန်ခြင်း၊ နို့အုံရောင်ကဲ့သို့သောရောဂါများ ဖြစ်ပွားမှု လျော့နည်းလာခြင်း အကျိုးကျေးဇူးများ ရရှိလာပါသည်။

နိုင်ငံတချို့တွင် အလိုအလျောက် နို့ညှစ်စနစ်ဖြစ်သည့် Robotic Milking System များ အသုံးပြုလာပြီး နွားများသည် ၎င်းတို့ကိုယ်တိုင် စက်ထဲသို့ဝင်ရောက်ကာ နို့ညှစ်ယူသည့်စနစ်များပင် ရှိလာပါသည်။

**(ခ) Cooling Tank နှင့် Cold Chain System ၏ အရေးပါမှု**

နို့သည် ပျက်စီးလွယ်သော အစားအစာဖြစ်သောကြောင့် နို့ညှစ်ပြီးနောက် အပူချိန်မထိန်းနိုင်ပါက ဗက်တီးရီးယားများ မြန်ဆန်စွာပေါက်ပွားလာနိုင်ပါသည်။ ထို့ကြောင့် ယနေ့ခေတ် နို့စားနွားခြံများ၊ နို့ကောက်စခန်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံများတွင် နို့အအေးချသိုလှောင်ကန် (Milk Cooling Tank)၊ အအေးချသယ်ယူပို့ဆောင်ခြင်းစနစ် (Refrigerated Transportation System)၊ အအေးခံသိုလှောင်သိမ်းဆည်းစနစ် (Cold Storage System) များကို အသုံးပြုလာကြပါသည်။

နို့သိုလှောင်ခြင်း၊ နို့သယ်ဆောင်ခြင်းနှင့် နို့နှင့်နို့ထွက်ပစ္စည်းများ သိမ်းဆည်းရောင်းချခြင်း လုပ်ငန်းစဉ်တစ်လျှောက် အအေးချစနစ်ကို အသုံးပြုခြင်းဖြင့် နို့အရည်အသွေးကောင်းမွန်လာခြင်း၊ နို့သက်တမ်း (Shelf Life) ပိုရှည်လာခြင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်သောစက်ရုံများသို့ အရည်အသွေးမြင့်နို့ပို့ဆောင်နိုင်ခြင်း၊ ပြည်ပပို့နိုင်သောအဆင့်မီ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းတို့ကို အထောက်အကူပြုပါသည်။

**(ဂ) Digital Farm Record စနစ်**

ယခင်က မွေးမြူရေးမှတ်တမ်းများကို စာအုပ်များတွင် ရေးမှတ်ခဲ့ကြသော်လည်း ယနေ့ခေတ်တွင် Mobile App နှင့် Computer Software များ အသုံးပြုလာကြပါသည်။ Digital Recording System တွင် နို့ထွက်နှုန်း၊ အစာကျွေးနှုန်း၊ မျိုးပွားမှတ်တမ်း၊ ကာကွယ်ဆေးထိုးမှတ်တမ်း၊ ရောဂါကုသမှု၊ ဝင်ငွေ/ကုန်ကျစရိတ်များကို စနစ်တကျသိမ်းဆည်းနိုင်ပြီး ခြံ၏အခြေအနေကို လွယ်ကူစွာ သုံးသပ်နိုင်ပါသည်။ ဥပမာအားဖြင့် နို့ထွက်ကျဆင်းလာသော နွားကို အချိန်မီသိရှိနိုင်သကဲ့သို့ အစာပြဿနာ၊ ကျန်းမာရေးပြဿနာ၊ မျိုးပွားပြဿနာများကို မှတ်တမ်းအချက်အလက်များကိုအခြေခံ၍ ခွဲခြမ်းစိတ်ဖြာနိုင်လာပါသည်။

**(ဃ) Sensor Technology အသုံးပြုခြင်း**

ယနေ့ Smart Dairy Farm များတွင် Sensor များကို နွားများ၏ လည်ပင်း သို့မဟုတ် ခြေထောက်တွင်တပ်ဆင်၍ နွား၏လှုပ်ရှားမှု၊ အစာစားနှုန်း၊ ကိုယ်အပူချိန်၊ မြိုင်ပေါ်မှု၊ ကျန်းမာရေးအခြေအနေ စသည်များကို ၂၄ နာရီ စောင့်ကြည့်နိုင်ပါသည်။ **စာမျက်နှာ ၉ သို့** ❋

❋ စာမျက်နှာ ၈ မှ

ဥပမာ နွားတစ်ကောင်သည် ပုံမှန်ထက် အစာလျော့စားနေပါက Sensor က Alert ပေးနိုင်ပြီး ရောဂါဖြစ်မည့်အစောပိုင်းအဆင့်တွင်ပင် ကုသနိုင်ပါသည်။ ထို့ကြောင့် ရောဂါဖြစ်ပွားမှုလျော့နည်းလာခြင်း၊ ဆေးကုသစရိတ်လျော့ကျခြင်း၊ နို့ထွက်နှုန်းတိုးတက်လာခြင်း အကျိုးများရရှိလာပါသည်။

မြန်မာနိုင်ငံတွင် မိရိုးဖလာ နို့စားနွားမွေးမြူခြင်း၊ စီးပွားဖြစ်မွေးမြူခြင်းမှသည် ခေတ်မီသိပ္ပံနည်းကျ Smart Dairy Farm အဆင့်သို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစုအဖွဲ့ (သို့မဟုတ်) သမဝါယမ နို့စားနွားမွေးမြူရေးစနစ်များ/ခြံများ ပေါ်ထွန်းလာရေး၊ အစာထုတ်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နို့ကောက်စခန်းများ၊ နို့အေးခံစနစ်များနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သောစက်ရုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

**(က) သမဝါယမ နို့စားနွားမွေးမြူရေး**

မြန်မာနိုင်ငံရှိ မွေးမြူရေးသမားအများစုမှာ နွားအရေအတွက်နည်းပါးသော Smallholder Farmers များ ဖြစ်ကြပါသည်။ ထို့ကြောင့် သမဝါယမစနစ်ဖြင့် နို့စုဆောင်းခြင်း၊ အစာဝယ်ယူခြင်း၊ ဆေးဝါးဝယ်ယူခြင်း၊ နို့အအေးချသိမ်းဆည်းပို့ဆောင်သည့်စနစ်အသုံးပြုခြင်း၊ နို့ထွက်ပစ္စည်းထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပါက ကုန်ကျစရိတ်လျော့နည်းပြီး အကျိုးအမြတ် ပိုမိုရရှိနိုင်ပါသည်။

**(ခ) အစာထုတ်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး**

နို့စားနွားမွေးမြူရေး၏ အဓိကကုန်ကျစရိတ်မှာ အစာကုန်ကျစရိတ် ဖြစ်ပါသည်။ ထို့ကြောင့် ပြောင်းချဉ်ဖတ်၊ မြက်ခြောက်၊ ဆီကြိတ်ဖတ် (ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုပ်ဖတ်၊ ဝါစေ့ဖတ်)၊ အချိုးညီရောစပ်စာများကို ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရန် Feed Industry ဖွံ့ဖြိုးရန် လိုအပ်ပါသည်။ အစာအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသည့်အစာကို လုံလောက်စွာ ရရှိကျွေးမွေးနိုင်ပါက နို့ထွက်နှုန်းတိုးလာမည်၊ နွားကျန်းမာရေးကောင်းလာမည်၊ မွေးမြူရေးအကျိုးအမြတ်မြင့်တက်လာမည် ဖြစ်ပါသည်။

**(ဂ) နို့ကောက်စခန်းများ တည်ထောင်ခြင်း**

ကျေးလက်ဒေသများတွင် နို့ထုတ်လုပ်နိုင်သော်လည်း ဈေးကွက်သို့ သယ်ယူပို့ဆောင်ရန် အခက်အခဲများရှိနေပါသည်။ တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူမှုများသည့်နေရာများတွင် အအေးချစနစ်ပါသည့် နို့ကောက်စခန်းများ တည်ထောင်ခြင်းဖြင့် အရည်အသွေးကောင်းသောနို့ကို စုဆောင်းနိုင်ခြင်း၊ နို့စက်ရုံများသို့ စနစ်တကျ ပို့ဆောင်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

**(ဃ) နို့ထွက်ပစ္စည်းထုတ်စက်ရုံဖွံ့ဖြိုးရေး**

နို့ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ နို့ချဉ်၊ ဒိန်ခဲ၊ ထောပတ်၊ ရေခဲမုန့်၊ အသင့်သောက်နို့စသည့် တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ပါသည်။ထို့ကြောင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်၊ အမျိုးသမီးအလုပ်အကိုင်အခွင့်အလမ်း တိုးလာမည်၊ ပြည်ပမှနို့ထွက်ပစ္စည်းများ တင်သွင်းမှုလျော့ချနိုင်မည့် ပြည်တွင်းထုတ်ကုန်များ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံ၏စားရေရိက္ခာဖူလုံမှုအားကောင်းလာမည်ဖြစ်ပါသည်။

**နိဂုံး**

ခေတ်နှင့်အညီ သိပ္ပံနည်းကျ နို့စားနွားမွေးမြူရေးသည် နည်းပညာ၊ အချက်အလက်နှင့် စနစ်တကျစီမံခန့်ခွဲမှုတို့ကို အခြေခံထားသော Modern Agri-business တစ်ခု ဖြစ်လာပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း Smart Dairy Farming၊ သမဝါယမမွေးမြူရေးစနစ်၊ တိရစ္ဆာန်အစာစိုက်ပျိုးထုတ်လုပ်မှုနှင့် အစာထုတ်လုပ်သည့်လုပ်ငန်းများ၊ အအေးချစနစ်ဖြင့် နို့ကောက်/ နို့ပို့စနစ်၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် နို့စားနွားမွေးမြူရေးကဏ္ဍသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဝင်ငွေတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှုတိုးတက်ရေး (Agro-based Industry Development) တို့အတွက် အရေးပါသော စီးပွားရေးကဏ္ဍကြီးတစ်ခု ဖြစ်လာမည်မှာ သေချာပါသည်။ ထို့ကြောင့် သမားရိုးကျမွေးမြူရေးစနစ်မှ ခေတ်မီသိပ္ပံနည်းကျ စီးပွားဖြစ်မွေးမြူရေးစနစ်သို့ ပြောင်းလဲကာ မျိုးကောင်းမျိုးသန့်၊ အစာအာဟာရ၊ ကျန်းမာရေးနှင့် စီမံခန့်ခွဲမှုစနစ်များကို စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## မွန်ပြည်နယ် ဥပဒေချုပ် ရှေ့ပြေးဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်သည် ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဒုတိယဥပဒေအရာရှိများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှေ့ပြေးဥပဒေရုံး မော်လမြိုင်ခရိုင်နှင့် ရှေ့ပြေးဥပဒေရုံး မော်လမြိုင်မြို့နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ်က ရှေ့ပြေးဥပဒေရုံး မော်လမြိုင်ခရိုင်နှင့် ရှေ့ပြေးဥပဒေရုံး မော်လမြိုင်မြို့နယ်များတွင် ရှေ့ပြေးဥပဒေရုံးများ၏ ဖွဲ့စည်းထားမှုနှင့်စပ်လျဉ်း၍ ရှေ့ပြေးဥပဒေရုံးများတွင်ရှိရမည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ /မရှိ လိုက်လံကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ခရိုင်ဥပဒေအရာရှိ ဦးကိုကိုမောင်နှင့် မော်လမြိုင်မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းယုထွေးတို့က လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥပဒေအရာရှိ ဦးအောင်ကိုမြတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ်ဥပဒေချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက အထက(၂)ကျောင်းဝင်း၌ ကျင်းပရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းကိုကိုနှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြစဉ်။

ရွှေမိုးညှင်း

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများနှင့်တွေ့ဆုံ

**မြစ်ကြီးနား ဇွန် ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ) ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရောဝတီဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဝန်ထမ်းများအနေဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လစဉ် စိစစ်ဆောင်ရွက်သွားရန်၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များသည် ကြီးကြပ် ကန့်သတ်ပစ္စည်းများဖြစ်သောကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရေး အထူးအလေးထား ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ မဲပေးစက်များ စနစ်တကျ ထိန်းသိမ်းသွားမည့် လုပ်ငန်းအစီအမံများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်တာဝန်ခံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**လက်ပံတန်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဘီးလင်းတန်းလမ်း၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို တက်ရောက်လာသူများထံ ပေးအပ်ပြီး မြို့နယ်တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်နှင့် တာဝန်ရှိသူများက ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ကျွန်း၊ ယင်းမာပျိုးပင်ပေါင်း ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လားရှိုးမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်း

**လားရှိုး ဇွန် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆)ဆင်းပွဲ အခမ်းအနားကို ဇွန် ၅ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးရဲဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသားများအား ထူးချွန်ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ ဇွန် ၅ ရက်အထိ ရေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများ၊ ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် မီးအတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းသင်ခန်းစာများကို လေ့ကျင့်ပို့ချသင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ



ပုဂံ ဇွန် ၆

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပုဂံ ရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)အဖွဲ့မှ ပညာရှင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် မီးငြိမ်းကုန်းဂူဘုရား၊ မဟာဗောဓိဂူဘုရားနှင့် နတ်လှောင်ကျောင်းကိုလည်းကောင်း၊ နိုင်ငံပိုင်ပုဂံသံတဲဟိုတယ်နှင့် တရုတ်-မြန်မာချစ်ကြည်ရေး ပြန်လည်ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းဆောင်ရွက်နေသည့် သဗ္ဗညုဂူဘုရားကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွဲနားငှောင်းဘုရား အုတ်မြစ်တူးဖော် သုတေသနလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ပုသိမ်မြို့ပေါ်ရှိ အများပြည်သူဆိုင်ရာနေရာများတွင် ကစားကွင်းများစနစ်တကျဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ကြည့်ရှု

ပုသိမ် ဇွန် ၆

ရောဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ပေါ်ရှိ အများပြည်သူဆိုင်ရာ နေရာများတွင် အားကစားကွင်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပုသိမ်မြို့နယ် ရန်ကင်းတောင်နယ်မြေရှိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည့် အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ဘောလုံးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရန်ကင်းတောင် FC အသင်းနှင့် Arrow FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် ကန်သုံးဆင့်သဲကွင်းတွင် ဖောက်လုပ်ထားသော ဘောလုံးအားကစားကွင်းနှင့် ဘော်လီဘောအားကစားကွင်းတို့၌ လူငယ်များ ဘော်လီဘော ကစားနေမှုကို လည်းကောင်း၊ ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၏ ဘောလုံးပြိုင်ပွဲများ ကျင်းပကာ ဘောလုံးယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ကန်သုံးဆင့် ပြည်ထောင်စုကွင်းတွင် ဖောက်လုပ်ထားသော ဘောလုံးအားကစားကွင်းနှင့် ပိုက်ကျော်ခြင်းအားကစားကွင်း သုံးကွင်း၌ ဒေသခံလူငယ်များ လာရောက်ကစားနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး အားကစားပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှု စစ်ကိုင်းမြို့ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ



မုံရွာ ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများအတွက် အလျား ၉၆ ပေ၊ အနံ ၃၆ ပေ၊ RC လေးခန်းတွဲ သုံးထပ်၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ "မဟာစေတီကြီး" စေတီတော် ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းမြို့ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာသူများက မိမိတို့ ဆောင်ရွက်နေသည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး တပ်ကုန်းမြို့နယ်အတွင်းရှိ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းများနှင့် ကျေးရွာသုံးထင်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၆

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်း သစ်တော နယ်မြေများအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားရမ်းဆောင်ရွက်လျက် ရှိသည့် ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီများနှင့် ရွှေနှင့်ဓာတ်သတ္တုကုမ္ပဏီများက စိုက်ပျိုးတည်ထောင်ထားရှိသည့် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းများနှင့် သစ်တောဦးစီးဌာနမှ တည်ထောင်ထားရှိသည့် ကျေးရွာသုံးထင်းစိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားရှိသည့် ၂၅၂ ဧက ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းငါးခုနှင့် အောက်ဆင်သေကြိုးဝိုင်း အကွက်အမှတ်(၂၉)ရှိ ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၀၀ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက သေပင်ဖာထေးခြင်း လုပ်ငန်းများကို မိုးရာသီအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဝင်ရောက် ဖျက်ဆီးမှု မရှိစေရေးအတွက် ခြံစည်းရိုးများ စနစ်တကျပြင်ဆင်ထားရှိရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ(မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း(မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း(မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အအုံပေါင်းများစွာထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့မဟုတ်)ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း(သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ။

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

☆ ကျောဖုံးမှ

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ ပို့ဆောင်ပေးမည့် ဌာနဆိုင်ရာရုံးများအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များသည် ဇွန် ၄ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာခဲ့ရာ မတ္တရာ-သပိတ်ကျင်း- တကောင်း- ကတ္တူ- ငါးအိုးမှတစ်ဆင့် ယနေ့မွန်းလွဲပိုင်းတွင် ရွှေကူမြို့သို့ ရောက်ရှိခဲ့ သဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းသိရှိရပြီး အဆိုပါ ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများမှတစ်ဆင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်၍ ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒေသ၏လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**လှည်းကူး ဇွန် ၆**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ရဲမွန်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

**ဆွေးနွေး**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်က ပြည်သူ့စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသည်။



ဆက်လက်၍ ဌာနအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက မွေးမြူရေးဆိုင်ရာ အသား၊ ငါး ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မှတ်ပုံတင်ရရှိရေး၊ လမ်း၊ တံတား၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက် လာသူများက မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Pacific Sun Far နှင့် MIU အသင်း ငါးပွဲဆက်အနိုင်ရ



Pacific Sun Far အသင်းနှင့် JV အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇွန် ၆**

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ကို ဇွန် ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Pacific Sun Far နှင့် MIU အသင်း ငါးပွဲဆက်အနိုင်ရခဲ့သည်။

ပွဲစဉ်(၅) တွင် MIU အသင်းက ULAD အသင်းကို လေးဂိုး-တစ်ဂိုး၊ YCFC Dream Team အသင်းက Royal Noka အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ငါးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက JV အသင်းကို ခြောက်ဂိုးပြတ်၊ YRG အသင်းက Burmese Warriors အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Gold Dream အသင်းက United City အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် Pacific Sun Far နှင့် MIU အသင်းတို့က ၁၅ မှတ်စီ၊ YRG အသင်း၊ YCFC Dream Team အသင်းနှင့် ULAD အသင်းတို့က ၁၂ မှတ်စီ၊ Gold Dream အသင်းက ကိုးမှတ်၊ JV အသင်းက ခြောက်မှတ်၊ United City အသင်း၊ Royal Noka အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီရရှိထားပြီး Burmese Warriors အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

# နတ်တလင်းမြို့၌ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ကျင်းပ



**နတ်တလင်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငုံဖူးဝေမြင့်နှင့် အဖွဲ့ဝင်များ၊ အထက(နတ်တလင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ကျော်၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ပြိုင်ပွဲစည်းမျဉ်းများနှင့်အညီ စနစ်တကျကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက်က ဇီးကုန်း-တာပွန် လမ်းဘေးဝဲ/ယာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်အသင်းနှင့် ကျေးလက်ပြည်သူများက ကျွန်းပင် ၃၀၀၊ ခရေပင် ၅၀ တို့ကို စိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ညောင်လေးပင်မြို့နယ်၌ သဘာဝမြေသြဇာဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံ သရုပ်ပြ



**ညောင်လေးပင် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ သီးနှံမျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် သဘာဝမြေသြဇာဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံ သရုပ်ပြခြင်းကို ဇွန် ၅ ရက်က ပွန်တန်ဆာမြို့ရှိ စိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သီးနှံမျိုးစုံကို မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် သဘာဝမြေသြဇာဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံတို့ကို ပြသရာ တောင်သူ ၈၅ ဦး တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကို အုတ်ဖိုဘူတာတွင် ဇွန် ၆ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်လဲ့လဲ့ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက စုပေါင်းစိုက်ပျိုးစဉ်။

အောင်သူ(အုတ်ဖို)

# သုံးခွမြို့၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြအခမ်းအနား ကျင်းပ

**သုံးခွ ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြအခမ်းအနားကို သိုက်တူးကန်ကျေးရွာအုပ်စုတွင် ဇွန် ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်သူ ဦးမြင့်သောင်း၏ လယ်ဧက ၁၀ ဧက၌ မော်ဘီ-၃ စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများက ကြည့်ရှုအားပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ သုံးခွမြို့နယ်တွင် လျာထားမိုးစပါးစိုက်ဧက ၁၅၃၆၁၀ ရှိသည်။

**ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ**

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူလယ်သမားများထံ စပါးပင်သက်တမ်းအလိုက် ဓာတ်မြေသြဇာထည့်သွင်းခြင်း ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)





# ဇီးကုန်းမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**ဇီးကုန်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတွင် မြန်မာအမျိုးသမီးများနေ့(အကြို) စာစီစာကုံးပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကေခိုင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း အထက(မြို့မ)မှ ကျောင်းသား ကျောင်းသူ ၃၉ ဦးက "မြန်မာအမျိုးသမီးများ၏ စွမ်းအားနှင့်ဂုဏ်သိက္ခာ" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကေခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ဇွန် ၅ ရက်က လျှော်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော Jarkata International Roller Skating Championships 2026, Indonesia ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု စကိတ်အားကစားအသင်း ရွှေသုံးခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဟိန်းဇော်သိန်း (နည်းပြ/ကစားသမား) ဦးဆောင်သော အားကစားအဖွဲ့နှင့်အတူ သာကေတမြို့နယ် အထက(၃)မှ ကစားသမားများဖြစ်သော မောင်စစ်ပိုင်မှူးနှင့် မောင်ဇေယျာလင်းတို့ ဇွန်၃ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိစဉ်။ အာကာ

# မုံရွာခရိုင်တွင် ဥပဒေအရာရှိများအတွက် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

**မုံရွာ ဇွန် ၆**

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းကို ဇွန် ၃ ရက်က မုံရွာခရိုင် ဥပဒေရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မုံရွာခရိုင် ဥပဒေအရာရှိ ဒေါ်အေးအေးမွန်က ခရိုင်ဥပဒေရုံးရှိ ဥပဒေအရာရှိများ၊ ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများနှင့် မြို့နယ်ဒုတိယဥပဒေအရာရှိများအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အာဖရိကတွင် လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ထမ်း ၃၄ ဦး အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံထားရ

**အဒစ်အဘာဘာ ဇွန် ၆**

အာဖရိကတွင် လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၄ ဦး အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံထားရပြီး ၎င်းတို့အနက် ခုနစ်ဦး သေဆုံးကာ ခြောက်ဦး ပြန်လည်ကောင်းမွန်လာကြောင်း အာဖရိကရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကူးစက်ခံရသူပေါင်း ၃၉၇ ဦးရှိပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ၃၈၁ ဦးနှင့် ယူဂန်ဒါနိုင်ငံမှ ၁၆ ဦးရှိကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးချုပ် ဂျင်းန်ကာဆီယာက ပြောကြားခဲ့သည်။ အတည်ပြု လူနာများအနက် သေဆုံးသူဦးရေမှာ လက်ရှိတွင် ၆၃ ဦးရှိပြီး ၎င်းတို့အနက် ယူဂန်ဒါနိုင်ငံသားတစ်ဦး ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရောဂါမှပြန်လည်သက်သာလာသူ ရှစ်ဦးရှိပြီး ၎င်းတို့အနက် ခြောက်ဦးမှာ ကွန်ဂိုနိုင်ငံမှဖြစ်ပြီး ကျန်နှစ်ဦးမှာ ယူဂန်ဒါနိုင်ငံမှဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ အီတူရီပြည်နယ်သည် ရောဂါကူးစက်မှု အဆိုးရွားဆုံး ဗဟိုချက်မဖြစ်နေပြီး အတည်ပြုလူနာ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းနှင့် သေဆုံးမှု စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းမှာ ၎င်းပြည်နယ်မှဖြစ်ကြောင်း ကာဆီယာက ပြောကြားခဲ့သည်။



ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ကွန်ဂိုသမ္မတ ဖဲလစ်ဆီဆီကေဒီက ကာဆွန်ဂို မူလန်ဘာ ဘာတိုကာဂါဘီအား အီတူရီပြည်နယ်၏ စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးသစ်အဖြစ် ခန့်အပ်ခဲ့သည်။

ဘွန်ဒီဘူဂျို အီဘိုလာမျိုးစိတ်အတွက် ဆေးဝါးကုသမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊ အားနည်းသော ကျန်းမာရေးအခြေခံအဆောက်အအုံများနှင့် အရေးပေါ်ကျန်းမာရေးအခြေအနေအမျိုးမျိုးကို ရင်ဆိုင်နေရသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ခက်ခဲနေရခြင်းဖြစ်ကြောင်း အီတူရီပြည်နယ် အုပ်ချုပ်ရေးမှူးသစ် ကာဆွန်ဂိုမူလန်ဘာ ဘာတိုကာ ဂါဘီက ပြောကြားခဲ့သည်။

ထို့ပြင် ရန်ပုံငွေနှင့် အရင်းအမြစ် ကန့်သတ်ချက်များရှိခြင်း၊ လူဦးရေ ရွှေ့ပြောင်းသွားလာမှု မြင့်မားခြင်း၊ မလုံခြုံမှုနှင့် နေရပ်စွန့်ခွာရမှုများရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ကူးစက်ခံရခြင်းနှင့် သတင်းအမှားများနှင့် မယုံကြည်မှုများက အခြေအနေကို ပိုမိုရှုပ်ထွေးဆိုးရွားစေလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က အီဘိုလာရောဂါဖြစ်ပွားမှုကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံကိန်း (Continental Ebola Outbreak Preparedness and Response Plan) ကို စတင်ခဲ့သည်။

၎င်းစီမံကိန်းသည် အာဖရိကနိုင်ငံများအနေဖြင့် ဇွန်လမှ နိုဝင်ဘာလအထိ ကာလအတွင်း ရောဂါကူးစက်မှုကို ကြိုတင်ပြင်ဆင်ရန်၊ လျင်မြန်စွာ စစ်ဆေးဖော်ထုတ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၁၈ သန်း ရန်ပုံငွေရှာဖွေရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရှီးမားမြို့ရှိ လူနေရပ်ကွက်တစ်ခုတွင် ဝက်ဝံတိုက်ခိုက်မှုကြောင့် လေးဦး ဒဏ်ရာရ

**တိုကျို ဇွန် ၆**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရှီးမားမြို့ရှိ လူနေရပ်ကွက်တစ်ခုတွင် ဝက်ဝံတိုက်ခိုက်မှုကြောင့် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများက ယမန်နေ့တွင် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

ဖူကူရှီးမားမြို့ ဆာဆာကီနိုခရိုင်ရှိ လူနေရပ်ကွက်တွင် ဝက်ဝံရိုင်းတစ်ကောင်က ဒေသခံပြည်သူများကို တိုက်ခိုက်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။



ဒဏ်ရာရသူလေးဦး သတိလစ်သွားခဲ့ပြီး ဆေးရုံတင်ထားရကြောင်း ဒေသခံ မီးသတ်ဌာနက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်ကတည်းက အဆိုပါ အနီးပတ်ဝန်းကျင်နေရာ၌ ဝက်ဝံများကို မြင်တွေ့ခဲ့ရကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။

ဝက်ဝံကို မဖမ်းမိသေးသည့်အတွက် တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာများကို ရှောင်ရှားကြရန် ဒေသခံများအား ရဲအရာရှိများက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးတင်းမာမှုကို ရပ်တန့်ရန်နှင့် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို လေးစားရန် အစ္စရေးအား ဥရောပကော်မရှင် ပြောကြား

**ဘရပ်ဆယ်လ် ဇွန် ၆**

လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးတင်းမာမှုကို ရပ်တန့်ရန်နှင့် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို လေးစားရန် အစ္စရေးအား ဥရောပကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အီးယူက လက်ဘနွန်နှင့် အစ္စရေး နှစ်နိုင်ငံစလုံးအတွက် ရေရှည်တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် သံတမန်ရေး ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးပြောရေးဆိုခွင့်ရှိသူ အန်နွာအယ်လ်အာနိုနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လက်ဘနွန်ပြည်သူများသည် ကြီးမားသော အခက်အခဲများကို ရင်ဆိုင်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ဘနွန်နှင့် အစ္စရေးတို့သည် အသစ်ပြန်လည်ဖြစ်ပွားမည့် ပဋိပက္ခ၏ ခြိမ်းခြောက်မှုမှ ကင်းဝေးပြီး ငြိမ်းချမ်းမှု၊ လုံခြုံရေးနှင့်အတူ ဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီးယူသည် လက်ဘနွန်တွင် ပြည်နယ်ထိန်းချုပ်မှု အားကောင်းလာစေရန် အီးယူမစ်ရှင်အသစ်တစ်ခု လုပ်ဆောင်ရန်ကြိုးပမ်းလျက်ရှိကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးပြောရေးဆိုခွင့်ရှိသူ အန်နွာအယ်လ်အာနိုနီက ပြောကြားခဲ့သည်။

မတ် ၂ ရက်မှစတင်ကာ လက်ဘနွန်နိုင်ငံ၌ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၄၀၀ ကျော် သေဆုံးခဲ့ပြီး အခြား ၁၀၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် ပြည်သူ့ကျန်းမာရေး အရေးပေါ်စင်တာ၏ အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေး အထူးအစီအစဉ်သစ် အကောင်အထည်ဖော်မည်

**ကိုလံဘို ဇွန် ၆**

သီရိလင်္ကာနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ဆက်တိုက်မြင့်တက်နေချိန်တွင် သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေး အထူးအစီအစဉ်သစ်ကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အကြီးတန်းကျန်းမာရေး ကျွမ်းကျင်သူတစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို ခရိုင် ၁၄ ခုတွင် သွေးလွန်တုပ်ကွေးကူးစက်နိုင်ခြေ မြင့်မားသော ဇုန်များအဖြစ်သတ်မှတ်ကာ အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမျိုးသား သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနမှ အတိုင်ပင်ခံ အထူးကု ပရာရှီလာ ဆမာရာဝီရာက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အတည်ပြုထုတ်ပြန်ထားသော သွေးလွန်တုပ်ကွေးလူနာဦးရေ ၃၅၂၂၈ ဦးအထိရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးနှင့် ဆက်နွှယ်သော အခြားသေဆုံးမှုအရေအတွက်သည် ယမန်နှစ်ထက် ၂၀ တိုးလာကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာသုံး ခရီးဝေးထရပ်ကား သယ်ယူပို့ဆောင်ရေးကွန်ရက်တစ်ခု တည်ဆောက်မည်

**တိုကျို ဇွန် ၆**

ဂျပန်အစိုးရ-ပုဂ္ဂလိကကောင်စီက ဟိုက်ဒရိုဂျင်လောင်စာသုံး ခရီးဝေးထရပ်ကား သယ်ယူပို့ဆောင်ရေးကွန်ရက်တစ်ခု တည်ဆောက်ရန် မူဝါဒသစ်တစ်ရပ်ကို ယမန်နေ့က ကြေညာခဲ့သည်။ အသစ်ဖွဲ့စည်းခဲ့သည့် ဂျပန်အစိုးရ-ပုဂ္ဂလိကကောင်စီက ၎င်း၏ ပထမအကြိမ်အစည်းအဝေးတွင် အထက်ပါမူဝါဒကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကောင်စီတွင်ပါဝင်သည့် အဖွဲ့ဝင်များက စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနများနှင့် မော်တော်ကားထုတ်လုပ်သူများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများကဲ့သို့သော ကျယ်ပြန့်သောကဏ္ဍများမှ ဖြစ်သည်။

၎င်းတို့က အရှေ့မြောက်ဘက်ရှိ ဖူကူရှီးမားစီရင်စုနှင့် အနောက်တောင်ဘက်ရှိဖူကူအိုကာမြို့တို့အကြား ကီလိုမီတာ ၁၃၀၀ ရှည်လျားသော သယ်ယူပို့ဆောင်ရေးကွန်ရက်ကို စီစဉ်လျက်ရှိသည်။ ကာဗွန်မပါသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လောင်စာဆဲလ်ယာဉ်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းတွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ထရပ်ကား အစီးရေ ၁၅၀၀ ခန့် အသုံးပြုမည်ဖြစ်သည်။

ထို့ပြင် လာမည့် ၁၀ နှစ်အတွင်း အမြန်လမ်းများတစ်လျှောက် ဟိုက်ဒရိုဂျင်ဖြည့်တင်းရန် နေရာ ၃၀ ကို အစိုးရထောက်ပံ့ငွေဖြင့် တည်ဆောက်မည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ဓာတုပစ္စည်း သိုလှောင်ကန်တစ်ခု ပေါက်ကွဲခဲ့ရာ ၁၁ ဦးသေဆုံး

**ဝါရှင်တန် ဇွန် ၆**

အမေရိကန်နိုင်ငံ အနောက်ပိုင်း ဝါရှင်တန်ပြည်နယ်ရှိ ဓာတုပစ္စည်း သိုလှောင်ကန်တစ်ခု ပေါက်ကွဲခဲ့ရာ ၁၁ ဦးသေဆုံးကြောင်း သိရသည်။ ဝါရှင်တန်ပြည်နယ် လောင်းဗျူးမြို့ရှိ Nippon Dynawave Packaging စက်ရုံတွင် ဓာတုပစ္စည်းများသိုလှောင်သည့် တိုင်ကီတစ်ခု ပြိုကျခဲ့ပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ဂျပန်နိုင်ငံ Nippon Paper Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။

လက်ရှိအချိန်အထိ စုစုပေါင်းသေဆုံးသူ ၁၁ ဦးရှိခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီးသတ်ဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အဆိုပါ သိုလှောင်ကန်တွင် စက္ကူပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများပါဝင်ကြောင်း သိရသည်။

သိုလှောင်ကန် ပြိုကျပေါက်ကွဲရသည့် အကြောင်းရင်းကို ဒေသခံအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ပတ်ဝန်းကျင်ဒေသများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို အကဲဖြတ်ရန် သက်ဆိုင်ရာအေဂျင်စီများနှင့်လည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့်တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၆

သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့် တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင် ယာဉ်အားရပ်တန့် စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်နေ သက်ကိုဝင်း(၃၆) နှစ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၃၅၀)၊ ကျပ်ငွေ ၃၀၀၀၀ တို့ကို သိမ်းဆည်းရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ဇွန် ၅ ရက် နံနက် ၄ နာရီတွင် စိတ်ကြွ ရူးသွပ်ဆေးပြားများ ပို့ဆောင်ခိုင်းသူ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် နယ်မြေ(၇)နေ စိုင်းညွန့်(ခ)မင်းညွန့်(၃၁)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် နယ်မြေ(၁၅)နေ အောင်ကိုကို(ခ)သားငယ်(၄၁)နှစ်တို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀)နှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်ကိုဝင်း၊ စိုင်းညွန့်(ခ) မင်းညွန့်နှင့် အောင်ကိုကို(ခ) သားငယ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ စိုင်းညွန့်(ခ)မင်းညွန့်နှင့် အောင်ကိုကို(ခ)သားငယ်တို့ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပါဘီး(၃)ကျေးရွာ အနီးတွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာနေ လော်ပီး(၃၃)နှစ် မောင်းနှင်လာသော WAVE I 110 အမျိုးအစား ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၀) အားဖမ်းဆီးရမိသဖြင့် လော်ပီးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Kyin Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက် မော်ကန်(၁)လမ်းနေ ကျင်စိုး(၆၈)နှစ်ကို ည ၇ နာရီ မိနစ် ၅၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ရေး ဆွေးနွေး



တိုက်ကြီး ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ လယ်ယာဘေးထွက်အခြေခံ သဘာဝမြေဩဇာပြုလုပ်ပြသခြင်းနှင့် သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သော နည်းလမ်းများဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မော်က လယ်ယာဘေးထွက် အခြေခံသဘာဝမြေဩဇာပြုလုပ်ခြင်းနှင့် စပါးခွံမီးသွေးပြုလုပ်ထည့်သွင်းခြင်း၏ အကျိုးသက်ရောက်မှုများ၊ ခရိုင်မြေအသုံးချရေးမှ ဦးစီးအရာရှိ ဒေါ်လှလှဌေးက ဓာတ်မြေဩဇာများ လျှော့ချသုံးစွဲသော်လည်း အထွက်နှုန်းမလျော့ကျစေနိုင်သည့်နည်းလမ်းများ ပေါင်းစပ်အသုံးပြုရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စပါးခွံ၊ ဖွဲနု၊ နွားချေး၊ EM၊ သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်ပြသခြင်းနှင့် စပါးခွံမီးသွေးဘိုင်အိုချာ လက်တွေ့ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဘားအံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ဘားအံ ဇွန် ၆

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ဇွန် ၄ ရက်က ဘားအံမြို့နယ် ကော့ကဒိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား ၂၅ ဦးနှင့် ကျောင်းသူ ၅၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒေးဒရဲမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

ဒေးဒရဲ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အားကစားခန်းမ၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကို ဇွန် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဟန်ဝင်းစိုးတို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စူပါဦး**

# မြန်အောင်မြို့နယ်၌ မူးခင်းကျဆင်းရေးအသိပညာပေး ဟောပြော

မြန်အောင် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာအုပ်စု သမိုင်းဝင်မြသိန်းတန်စေတီတော်မြတ်ပရိဝုဏ်ဓမ္မာရုံ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မြန်အောင်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝေလင်းက အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးထွန်းနိုင်က အွန်လိုင်းလိမ်လည်မှုများမခံရအောင် ကြိုတင်ကာကွယ်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ အရက်သေစာသောက်စားမှုကြောင့် လူသတ်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်ဟသာ်တမှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်လွှမ်းမိုးထွန်းက အိုမန်နိုင်ငံ လူကုန်ကူးခြင်းဆိုင်ရာ ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြောကြားကာ မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**





# ဖျာပုံမြို့၌ မူခင်းအသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မူခင်းအသိပညာပေး ဟောပြောပွဲကို ဇွန် ၅ ရက်က ဖျာပုံမြို့ အထက(၁) အောင်မြေခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူလင်းက အမှာစကားပြောကြားပြီး ဖျာပုံမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးထွန်းဦး၊ ဖျာပုံမြို့နယ်မူးယစ်တပ်ဖွဲ့စု အမှတ်(၅၀) တာဝန်ခံ ဒုရဲမှူးစိုးရန်လင်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် အသိပညာပေး ဟောပြောကြသည်။ ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များအား ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၃၉ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၆**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၃၉ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၃၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ Grade – 11 ကျောင်းသားတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၆**

PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်းစသည့် နည်းလမ်းမျိုးစုံကို အသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် လူမှုဝန်ထမ်းပြုလုပ်နေသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား အဆိုပါကျောင်း၏ အရှေ့တောင်ဘက် မီတာ ၂၂၀ ခန့်အကွာရှိ ရထားသံလမ်း လမ်းဆုံမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။



ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းအတွင်း လူမှုဝန်ထမ်းပြုလုပ်နေသည့် Grade–11 ကျောင်းသားတစ်ဦးတွင် ညာရင်ဘက်မှ ကျောဘက်သို့ ကျည်ဖောက်ဝင်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ လက်နက်ငယ်ကျည်ထိမှန်၍ ဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းဆေးခန်း၌ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ စာသင်ကျောင်းများကို တိုက်ခိုက်ဖျက်ဆီးပြီး ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများအပေါ် အကြမ်းဖက်လုပ်ရပ်များကို အသိတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နတ်မောက်မြို့၌ ကွန်ကရစ်လမ်းခင်းခြင်း ကြည့်ရှုစစ်ဆေး

**နတ်မောက် ဇွန် ၆**

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့ ကျားမင်းလမ်းသွယ် (၅) ကွန်ကရစ်လမ်းခင်းခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်၊ မြို့နယ် စည်ပင်သာယာရေး တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့က ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါလမ်းသည် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မဖြစ်ပြီး ၂၀၂၆–၂၀၂၇ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄၅ ဒသမ ၃ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ဇီးကုန်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို ဇွန် ၅ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့် ဝန်ထမ်းများက အထက(မြို့မ)၌ ဆောင်ရွက်ပေးသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဇော်၊ ဇီးကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ အထက(မြို့မ) ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးသန့်တို့က ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံသားများအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

**ခင်မောင်ထွေး**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်(၅၀၀) အထူးကုဆေးရုံကြီး။

အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်ပြည်သူများ အားထားရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင်(၅၀၀) အထူးကုဆေးရုံကြီးသည် ကျွန်တော့်အဖို့ ယခင်က ဖြတ်သွားဖြတ်လာနေရာတစ်ခု၊ သာမန်အဆောက်အအုံတစ်ခုထက်ပို၍ ထူးခြားမှု မရှိခဲ့ပါ။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင်မူ ကျွန်တော်၏ ဇနီးသည် ကျန်းမာရေးပိုမိုဆိုးရွားလာခဲ့သည်မှ အစပြု၍ အဆိုပါဆေးရုံကြီးများက ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည်တို့၏ မှီခိုစရာ၊ အားကိုးအားထားစရာဌာနများ ဖြစ်လာသည်။

မူလက သူ့မှာ သွေးတိုးနှင့် ဆီးချိုရောဂါအခံရှိသည်။ ထိုမှ ကျောက်ကပ်ထိခိုက်ပျက်စီးလာ၍ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဆေးကုပြင်ပလူနာဌာနတွင် ပြသနေခဲ့ရသည်။

မှတ်မှတ်ရရ၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ကျွန်တော့်ဇနီးသည်မှာ အသက်ရှူရခက်ခဲပြီး မကြာခဏ "တက်" လာ၍ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မရောက်မီ တက္ကစီအငှားယာဉ်ပေါ်မှာပင် သတိလစ်ပြီး "တက်" နေပြန်၍ ရောက်ရောက်ချင်း အထူးကြပ်မတ်ကုသဌာန(ICU)သို့ တန်းတင်ခဲ့ရပြီး အနည်းငယ်သက်သာလာမှ ဆေးကုသဆောင်(၄) သက်ကြီးရွယ်အိုဆိုင်ရာဆေးပညာဌာနသို့ လွှဲပြောင်းဆေးကုသမှုခံယူခဲ့ရပါသည်။

> **နိုင်ငံသားတို့အတွက် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပြည်သူအများအားထားရာ ပြည်သူ့ဆေးရုံကြီးများ ယခုထက်ပိုမို အဆင့်မြှင့်တင် တိုးတက်ပြောင်းလဲရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက ပံ့ပိုးကူညီဆောင်ရွက်ပေးကြရပါမည်။ ထို့အတူ ပရဟိတဆေးရုံ၊ ဆေးခန်းများ၏ အခန်းကဏ္ဍကလည်း လွန်စွာအရေးပါလှသည်ဟု ဆိုရပေမည်။ ပရဟိတဆေးရုံ၊ ဆေးခန်းများ အဓွန့်ရှည်တည်တံ့ရေး၊ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်နှင့် စေတနာရှင်ပြည်သူများက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်**

ဆေးကုသဆောင်သို့ရောက်သည်နှင့် ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အရ CT ရိုက်ရ၊ ဓာတ်မှန်ရိုက်ရ၊ သွေးစစ်ရဖြင့် ဇယ်စက်သလို အပြေးအလွှားလုပ်ဆောင်ခဲ့ရပါသည်။ အဆိုပါ ကျန်းမာရေးစစ်ဆေးမှုများကို ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လုပ်ဆောင်ပါက သိန်းချီ၍ ငွေကြေးကုန်ကျမှုရှိမည်ဖြစ်သော်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌မူ အခမဲ့ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

ကျွန်တော့်ဇနီးသည်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရက်သတ္တတစ်ပတ်နီးပါးကြာခဲ့သည်။ ရောဂါဝေဒနာအချို့ သက်သာလာခဲ့သော်လည်း သတိလစ်ပြီး "တက်" နေမှုက မပျောက်ကင်းဘဲ ကျန်ရှိနေသေးသည်။

တစ်နေ့ မနက်ပိုင်း ဝေဒနာရှင်လူနာများအား ဆရာဝန်ကြီးများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပါမောက္ခဆရာဝန်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပိုင်းမှ ကုသမှုနှင့်ပတ်သက်၍ လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိဇနီးသည်၏ ရောဂါအခြေအနေမှာ ကျောက်ကပ်ပျက်စီးမှု၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်၍ ကျောက်ကပ်ဆေးမှသာ သက်သာနိုင်မည်ဖြစ်ကြောင်းရှင်းပြပြီး လူနာနှင့် လူနာရှင်၏သဘောထားကိုမေးမြန်းပါသည်။




ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကျွန်တော်သည် သာမန်လခစား နိုင်ငံ့ဝန်ထမ်းတစ်ဦးမျှသာဖြစ်၍ ရေရှည်ကျောက်ကပ်ဆေးရာတွင် ကုန်ကျမည့် ငွေရေးကြေးရေးအပါအဝင် ရင်ဆိုင်ကြုံတွေ့ရမည့်အခက်အခဲများကို တွေးရင်းတွေးရင်း ဆွံ့အတွေဝေလျက် ချက်ချင်းအဖြေမပေးနိုင်ခဲ့ပေ။

တစ်ဖက်တွင်လည်း ဇနီးသည်၏ သတိလစ် "တက်" နေမှုက ရပ်ဆိုင်းသွားခြင်းမရှိသေးချေ။ တစ်ချက် တစ်ချက် ဘယ်အချိန်ထပြီး သတိလစ် "တက်" နေမလဲဟူသည်ကို တထိတ်ထိတ် စောင့်ကြည့်နေခဲ့ရသည်။ သို့နှင့် လူ့အသက်က အရေးကြီးသည်မို့ နောက်တစ်ရက်တွင် ကျောက်ကပ်ဆေးရန် သဘောတူခဲ့ရပါသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ စီစဉ်ပေးမှုဖြင့် အရေးပေါ်လူနာတင်ယာဉ်ဖြင့် ခုတင်(၅၀၀)အထူးကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဆေးကုဌာနသို့ သွားရပြန်သည်။ အရေးပေါ်လူနာတင်ယာဉ်ပေါ်တွင် ဇနီးသည်အပြင် အောက်ဆီဂျင်အိုးကြီးတစ်လုံး၊ လူနာအား အရေးပေါ်စောင့်ရှောက်ရန် အလုပ်သင်ဆရာဝန်တစ်ဦး လိုက်ပါလာသည်။

မူလအစီအစဉ်ကား ဇနီးသည် ကျောက်ကပ်ဆေးပြီးလျှင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပြန်ပြီး ဆက်လက်ကုသမှုခံယူရန်ဖြစ်သည်။ သို့ရာတွင် ခုတင်(၅၀၀)အထူးကုဆေးရုံကြီးမှ တာဝန်ကျဆရာဝန်က ဇနီးသည်၏အခြေအနေမှာ လူနာတင်ထရောလီတွန်းလှည်းပေါ်တွင် ပက်လက်ဖြစ်နေပြီး ဆေးရုံနှစ်ရုံသို့ မကြာခဏ ကူးချည်သန်းချည် သွားရန်မသင့်ဟုယူဆ၍ အပြီးလွှဲပြောင်းယူကာ အားချင်း လည်ပင်းပေါက်ဖောက်၍ ကျောက်ကပ်ဆေးပေးခဲ့ပါသည်။

ဆက်လက်၍ ခုတင်(၅၀၀) အထူးကုဆေးရုံကြီးတွင် ဇနီးသည်တက်ရောက် ဆေးကုသမှုခံယူစဉ်အတွင်း နှစ်ရက်ခြား၊ သုံးရက်ခြား တစ်ကြိမ်စီဆက်တိုက် ကျောက်ကပ်ဆေးပေးခဲ့ပါသည်။ ရေရှည် ကျောက်ကပ်ဆေးနိုင်ရန်အတွက်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ဌာနတွင် လက်တွင်အကြောမွေးနိုင်ရန် ဆေးစာရေးပေးခဲ့ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ဌာနကလည်း ဇနီးသည်၏လက်တွင် သွေးကြောမွေးနိုင်ရန် ဆေးရုံတစ်ညအိပ်တက်စေပြီး အားချင်းခွဲစိတ်လုပ်ဆောင်ပေးခဲ့ပါသည်။ နောက်ပိုင်းကျွန်တော်သိရသည်က ထိုသို့သွေးကြောမွေးခွဲစိတ်မှုသည် ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လုပ်ဆောင်ပါက ငွေကြေးအကုန်အကျမနည်းလှဟုဆိုသည်။ ယခုမူ ငွေကြေးတစ်ပြားတစ်ချပ်မျှ မကုန်ကျခဲ့ပေ။

ခုတင်(၅၀၀) အထူးကုဆေးရုံကြီးတွင်လည်း ဇနီးသည်ဆေးကုသမှုခံယူစဉ်အတွင်း ကျောက်ကပ်ဆေးကြောမှု ခုနစ်ကြိမ်မြောက် လုပ်ဆောင်အပြီးတွင် အဆုတ်ရင်ခေါင်းအနီး ရေအိုင်မှုကြောင့် အသက်ရှူရခက်ခဲမောပန်းခြင်း၊ ဆီးဆိပ်များကြောင့် မကြာခဏသတိလစ် "တက်" နေခြင်းများ သက်သာပျောက်ကင်းလာ၍ ဆေးရုံမှဆင်းခွင့်ရခဲ့ပါသည်။

## ကျေးဇူးကို ယနေ့တိုင် မမေ့နိုင်

ကတညုတ ကတဝေဒီ။ ဗုဒ္ဓစာပေကျမ်းဂန်တွင် ကတညုတ ကတဝေဒီဟူသည် ကျေးဇူးတရားနှင့်ပတ်သက်လျှင် သူတစ်ထူး၏ကျေးဇူးကိုသိတတ်ခြင်း၊ သူ့ကျေးဇူးကိုထင်စွာပြခြင်း၊ သူ့ကျေးဇူးကိုပြန်၍ဆပ်ခြင်းဟုဆိုလိုပါသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ဦးပီပီ ဇနီးသည်နာမကျန်းဖြစ်စဉ်အတွင်း စောင့်ရှောက်ကူညီပေးခဲ့ကြသော ထိုစဉ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၏ ကျေးဇူးကို ယနေ့တိုင် မမေ့နိုင်ပါပေ။

ထို့အတူ ကျွန်တော့်ဇနီးသည် ဆေးရုံမှဆင်းပြီးတစ်လခြား တစ်ပတ်နှစ်ကြိမ် ရေရှည်ကျောက်ကပ်ဆေးနိုင်ရန် ဆက်လက်စောင့်ရှောက်ကူညီပေးခဲ့သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခုတင်(၅၀၀) အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနမှ သူနာပြုများ၊ ရန်ကုန်မြို့ ဘားလမ်း မွတ်စလင် ကုသိုလ်ဖြစ်ဆေးရုံမှဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဆရာဝန်၊ သူနာပြုများကိုလည်း ကျေးဇူးအထူးတင်မိပါသည်။

## ပြည်သူ့ဆေးရုံကြီးများ ယခုထက်ပိုမိုအဆင့်မြှင့်တင်

နိုင်ငံသားတို့အတွက် နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပြည်သူအများအားထားရာ ပြည်သူ့ဆေးရုံကြီးများ ယခုထက်ပိုမို အဆင့်မြှင့်တင်တိုးတက်ပြောင်းလဲရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက ပံ့ပိုးကူညီဆောင်ရွက်ပေးကြရပါမည်။ ထို့အတူ ပရဟိတဆေးရုံ၊ ဆေးခန်းများ၏ အခန်းကဏ္ဍကလည်း လွန်စွာအရေးပါလှသည်ဟု ဆိုရပေမည်။ ပရဟိတဆေးရုံ၊ ဆေးခန်းများ အဓွန့်ရှည်တည်တံ့ရေး၊ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်နှင့် စေတနာရှင်ပြည်သူများက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရပါမည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးကဏ္ဍကို အလေးပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်သည့် "မြန်မာနိုင်ငံ နှလုံးရောဂါအကဲဖြတ်စနစ်စီမံချက်"ကို မေ ၁၄ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် တစ်နှစ်အတွင်း လူဦးရေ တစ်သိန်းကို စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက "လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးနှင့် ပြည်သူများ၏ကျန်းမာသော မျှော်မှန်းလူ့သက်တမ်းတိုးမြှင့်လာစေရေး" တို့ကို ရည်မှန်းချက်များအဖြစ် သတ်မှတ်ထားရှိ၍ ကျေးလက်ဒေသအထိ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရှိစေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ဆေးရုံကြီးခြောက်ရုံနှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးတို့ ပူးပေါင်း၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၉ ရက်က ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၁၇ သို့



## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ပခုက္ကူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများစုပေါင်း၍ ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၅ ရက် နံနက်ပိုင်းမှစတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ၁၈၀ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## မန္တလေး အထက(ခွဲ)(၁၄)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မန္တလေး ဇွန် ၆**

မန္တလေး အောင်မြေသာစံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၄ ရက်က အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းခွဲ ရွှေပြည့်သျှံခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၇၂ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စန်း၊ ခရိုင်ပညာရေးမှူး ဦးသိန်းတန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမို့မို့နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ဇင်းကျိုက်မြို့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)က ခွင့်ပြုချက်မရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်းရောင်းချမှုမရှိရေးနှင့် စားသောက်ကုန်များ၌ ခွင့်မပြုသည့် ဓာတုဆိုးဆေးများပါဝင်ခြင်းမရှိရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက ဇင်းကျိုက်မြို့ ဗိုလ်ချုပ်ဈေး၌ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ဘုတ်ပြင်း ဇွန် ၆**



တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် အောက်လိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၅ ရက်က ကျေးရွာနေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘုတ်ပြင်းမြို့နယ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော် ဦးဆောင်၍ လက်ထောက်ဆရာဝန်၊ သူနာပြုဆရာမများ၊ အထောက်အကူပြုအဖွဲ့များ ပါဝင်သည့် ကွင်းဆင်းဆေးအဖွဲ့သည် အထွေထွေလူနာ ၅၉ ဦး၊ ကလေးလူနာ လေးဦး စုစုပေါင်း ၆၃ ဦးအား လိုအပ်သည့် စမ်းသပ်ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၅၁၈ ဦးအား သွေးတိုးနှင့် ဆီးချိုရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါနှင့် သက်ဆိုင်သည့် ကျန်းမာရေးပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အထက အောက်လိပ်ကျောင်း အခြေခံပညာနှင့်(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး) အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကော့မှူးမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကော့မှူး ဇွန် ၆**

သဘာဝဘေးအန္တရာယ်ဆိုင်ရာကာကွယ်ခြင်းနှင့် ထောက်ပံ့ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ မူလရွာလယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထူးက သဘာဝဘေးအန္တရာယ်များကြောင့် အသက်၊ အိုးအိမ်၊ ပစ္စည်းများဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးစိုးဝင်းထွန်းတို့က သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ကျော်သူရ(ကော့မှူး)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လျှပ်စစ်နှင့် အဆင့်မြင့်ဆိုလာတပ်ဆင်ခြင်းနည်းစနစ် သင်တန်းဖွင့်လှစ်



**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အဆင့်မြင့်ဆိုလာ တပ်ဆင်ခြင်းနည်းစနစ်သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ ကျင်းပသည်။

သင်တန်းတွင် Power Bolt Co.,Ltd. မှ ဆိုလာကျွမ်းကျင်ပညာရှင်သုံးဦးနှင့် FEG Institute မှ လျှပ်စစ်ကျွမ်းကျင်ပညာရှင် တစ်ဦးတို့က သင်ကြားဆွေးနွေးပို့ချပေးမည်ဖြစ်ရာ သင်တန်းကာလမှာ ဇူလိုင် ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်မြင့်ရီ

## သံဖြူဇရပ်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

**သံဖြူဇရပ် ဇွန် ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆)ကို ဇွန် ၅ ရက်က ကံကောင်းခြင်းရတနာ သစ်ပါးလွှာစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက စက်ရုံရှိ သင်တန်းသား ၅၀ အား ဇွန် ၅ ရက်မှ ဇူလိုင် ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





ပျဉ်းမနားမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ မီးဘေးလုံခြုံရေးအတွက် ဇွန် ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများနှင့် မီးဘေးလုံခြုံရေးစနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးဆောင်ရွက်ထားမှုများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်မင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုလတ်နှင့် တာဝန်ရှိသူများက ဇွန် ၆ ရက်တွင် လိုက်လံစစ်ဆေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်-၂၀၃ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅ ပေ x ၉၅ ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဦးမြင့်ဌေး [၁၂/ဥကမ(နိုင်)၁၃၄၆၃၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၃ ၊ မြေကွက်အမှတ်- ၄၃၈၊ အကျယ်အဝန်း (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်- ၄၃၈ ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **ဦးစိုင်းရွက်ခမ်း [၁၃/ကတန (နိုင်)၀၇၀၈၀၅]နှင့် ဒေါ်နန်းထိုင်းလွန်း [၁၃/တခလ(နိုင်)၀၂၃၀၃၇]** တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ **ဒေါ်နန်းဆိုင်လာ [၁၃/ကတန(နိုင်)၀၀၁၄၀၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရွှေချမ်းသာအိမ်ရာ၊ တိုက်(11-A)၊ အခန်း(09-252)၏ အမည်ပေါက် ဦးကျော်ဆွေလင်း ၉/မခန(နိုင်)၁၁၉၅၆၆]+ဒေါ်ခိုင်ခိုင်ညွှန့် [၉/မထလ(နိုင်)၁၇၅၈၆၅) တို့ထံမှ ဦးသန်းထွန်း [၁၄/မအန(နိုင်)၁၄၃၈၃၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၂၁)၊ ၅၀x၅၁လမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဒေါ်ဖြူဖြူ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ပုပုစိန်က တရားပြိုင် ဒေါ်ဖြူဖြူ (၎င်း၏ SP ရရှိသူ ဦးမင်းနိုင်ဆွေ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၁၆/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ပုပုစိန်[၁/မမန(နိုင်)၀၂၁၈၂၅]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၈)၊ ဦးပိုင်အမှတ်-၇၈၊ ၅၇x၅၈လမ်းကြား၊ ၁၃၈x၁၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချင်ဟွာတီး [၁၃/လရန(နိုင်)၀၆၉၃၆၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၃၉၇/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဖြူခိုင် [၅/စကန(နိုင်)၀၅၄၅၅၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၃)၊ ဦးပိုင်အမှတ်(၂၇)ခဲစင်း၊ ၆၀(အေ)x၆၀(ဘီ)ကြား၊ ၁၂၁x ၁၂၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းလွင်ဌေး၊ ဒေါ်ခင်ပပလေးတို့၏ (GP ရရှိသူ ဒေါ်စန္ဒီနုနုရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၈၅၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးသက်မင်းစိုး [၁၀/သထန(နိုင်)၁၅၂၅၈၆]၊ ဒေါ်ဖြူပြာခင်လေး [၅/ကဘလ(နိုင်)၁၄၁၅၆၁]တို့က အမှုတွဲအမှတ်(၀၃၆၈/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကယားပြည်နယ်အစိုးရအဖွဲ့
## ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သိပ္ပံဆောင် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း(၃)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၆-၂၀၂၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၂၆ ရက်နေ့၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါသွင်းရမည့်လိပ်စာမှာ ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၉-၂၅၆၀၂၃၃၈၃၊ ၀၉-၂၅၈၄၉၃၃၉၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်**

၇-၆-၂၀၂၆ ရက်နေ့တွင်ကျရောက်သည့် **မောင်လင်းထက်အေးမောင်**၏ (၃)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်း များစွာတိုင်အောင် ကျန်းမာ၍အသက်ရှည်ခြင်း၊ ဘုန်းကံ ကြီးမားခြင်း၊ အဆင်းလှခြင်း၊ အသိဉာဏ်ပညာကြီးမားခြင်း၊ ခွန်အားကြီးခြင်းတို့ဖြင့် ဘဝတစ်လျှောက်လုံးပြည့်စုံပြီး ဗုဒ္ဓဘာသာဝင် ကောင်းတစ်ဦးအဖြစ် အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်သူတစ်ဦး ဖြစ်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဖိုးဖိုး၊ ဖွားဖွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ အန်တီများ**
**ပြင်ဦးလွင် အေးရိပ်ငြိမ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၄)၊ ဦးပိုင်အမှတ်(၈၂)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းမကြီးကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဦးခင်မောင်ဝင်း [၉/အမရ(နိုင်)၀၇၇၀၀၉]က အမှုတွဲအမှတ် (၀၃၅၁/၂၀၂၆-၂၀၂၇) ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၄)၊ ဦးပိုင်အမှတ်(၅၃)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်ဝါဝါမြင့် [၉/အမရ(နိုင်)၀၇၈၂၆၆]က အမှုတွဲအမှတ် (၀၃၄၆/၂၀၂၆-၂၀၂၇) ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၂၅)၊ ၁၆x၁၇လမ်းကြား၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးထွန်းစိန်[၁၃/ကမန(နိုင်)၀၂၀၁၆၃]၊ ဒေါ်ခင်စိုးရီ[၁၃/ကမန(နိုင်)၀၀၀၀၉၃]တို့က ဂရန်စာချုပ်၊ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလုံးမှာ နေအိမ်ပြိုကျရာ၌ မီးလောင်ပျက်စီးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၂၈-က+၃၀-က)၊ ခွာညိုလမ်းပေါ်၊ သပြေလမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမောင်မောင်ဇင် [၉/အမရ(နိုင်)၀၀၈၉၃၅] ၊ ဒေါ်ခင်ဝင်းမြင့် [၉/အမရ(နိုင်)၀၉၉၆၇၇]တို့က အမှုတွဲအမှတ်(၀၃၆၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အလုပ်ခေါ်စာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာရှိ ဆောက်လုပ်ရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်အမှန်တကယ်အလုပ် လုပ်လိုသူများ၊ ရေရှည်လုပ်ကိုင်နိုင်သူများကို ဦးစားပေးခန့်ထားမည်ဖြစ်ပြီး၊ နေထိုင်ရေးအဆောင်လိုင်းခန်း စီစဉ်ထားရှိပါသည်။

1.

| | | | |
|---|---|---|---|
| ( 1 ) အလုပ်တကယ်လုပ်လိုသောဝန်ထမ်းများ | | | |
| ( 2 ) Admin Staff | ( ကျား / မ ) | = | ၁ ဦး |
| ( 3 ) Site Engineer (Civit/BE) | ( ကျား / မ ) | = | ၁ ဦး |
| ( 4 ) Computer စာရင်းကိုင် | ( ကျား / မ ) | = | ၁ ဦး |
| ( 5 ) ရုံးအကူ | ( ကျား / မ ) | = | ၂ ဦး |
| ( 6 ) သံချည်/သံကွေး လုပ်သား | | = | ၅ ဦး |
| ( 7 ) ပန်းရန်လုပ်သား | | = | ၅ ဦး |
| ( 8 ) လက်သမားလုပ်သား | | = | ၅ ဦး |
| ( 9 ) ပန်းရန်၊လက်သမားနောက်လိုက် | | = | ၅ ဦး |
| (၁၀) ကား Driver ( လိုင်စင်အနီ ) | | = | ၂ ဦး |

2. **လာရောက်လျှောက်ထားပါက –**

CVForm နှင့် အတူ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ ပါရှိရပါမည်။ အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ရုံးလိပ်စာ – အမှတ်( ၆၄ )၊ သန္တာလမ်း၊ ရတနာအိမ်ရာ( ၂ )၊ သာကေတမြို့နယ်**
**ဖုန်း – 09-251790828, 09-401535959**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဝင်္ကဘာလမ်း၊ မြေကွက်အမှတ် ၁၀၉၅(က)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးတင်ထွန်း(ခ)ဦးပန်းထောင် အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဖြူဖြူမွန် [၁၂/လမန(နိုင်)၁၃၄၄၉၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်း [၁၂/ရကန(နိုင်)၀၀၁၃၉၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၂၈)၊ မြေဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ဌေးဌေးဝင်း [၁၂/ဗတထ(နိုင်)၀၁၀၈၉၄] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(F-38)၊ ရွှေစံပယ်လမ်း၊ F.M.I City (ပဒေသာပင်မြို့တော်)၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အမျိုးအစားနှင့် ယင်းနေအိမ်၌ တပ်ဆင်ထားသည့် အိမ်သုံးမီတာ(၁)လုံး၊ ရေစုပ်စက်၊ ရေမော်တာ အပါအဝင် အဆိုပါအိမ်နှင့် ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ သက်ဆိုင်ရာစာရွက်စာတမ်းများဆက်နွှယ်တည်ရှိသည့် သီးပင်စားပင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်ဌေးဌေးဝင်း [၁၂/ဗတထ(နိုင်)၀၁၀၈၉၄]ထံမှ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသည့်အတိုင်း ကျွန်ုပ်၏အမှုသည်ဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေများ** |
|---|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဒေါ်အိအိစံ (စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရွှေချမ်းသာအိမ်ရာ၊ တိုက်(10-A)၊ အခန်း(10-228)၏ အမည်ပေါက် ဦးအောင်ဇော်ဦး [၁၂/လမန(နိုင်)၁၂၅၁၅၉]+ ဒေါ်ဖြူဖြူဟန် [၁၂/သကတ (နိုင်) ၁၃၆၂၄၁] ထံမှ ဒေါ်အေးသီရိကျော် [၁၁/စတန(နိုင်)၀၆၉၇၉၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးမင်းဇော်+ဒေါ်ခိုင်တို့၏ သမီး၊ မနှင်းနှင်းသင်း၏ အမည်မှန်မှာ မနှင်းနှင်းရီ ဖြစ်ကြောင်း။

**မနှင်းနှင်းရီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ရွှေညောင်ပင်လမ်း၊ မြေကွက်အမှတ်(၁၉၀) မြေကွက်ကြီးထဲမှ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စောမြကေခိုင်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၆၀၄)**
**အမှတ်(၁၂၁)၊ မြိတ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

# သွေးသည်
# အသက်

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၈၄၉/က)၊ ဦးစိုးစိုး(တီဂျီအို-၁၃၉၃၀၀)အမည်ပေါက်(၂၀'x၆၀')အကျယ်ပါမစ်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၈၅၀/ခ)၊ ဦးသိန်းဝင်း(ပီဒီအီး-၁၁၃၆၁၀)အမည်ပေါက်(၂၀'x၆၀')အကျယ်ပါမစ်မြေကွက်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မျိုးသန္တာသွင် [၁၂/မဂတ(နိုင်)၁၀၁၅၃၁]က မိမိသာပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာအဆိုပါ ပါမစ်မြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၈၆၀/က)၊ မြေကွက်အမှတ်(၈၆၀/ခ)ဟုခေါ်တွင်သော မြေကွက် (၂)ကွက်ပေါင်း (၄၀'x၆၀')အကျယ်ရှိ မြေကွက်(၂)ကွက်မှာ ဒေါ်မျိုးသန္တာသွင်[၁၂/မဂတ(နိုင်)၁၀၁၅၃၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်များဖြစ်ပြီး၊ မိမိအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်(၂)ကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဒက္ခိဏ(၁)လမ်း၊ အမှတ်-၉၃၉(က)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား(၂၀)ပေ x အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်၏ မြေချပါမစ်အမည်ပေါက် ဦးထွန်းရီ(N/OKA-၀၀၃၃၄၄)ကိုင်ဆောင်သူထံမှတစ်ဆင့် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဖြစ်ကြောင်း အဆိုပြုသူ ဦးသန်းကျော်(ကွယ်လွန်)[၁၂/လမန(နိုင်)၁၂၆၈၃၀]၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဌေး တရားဝင်အမွေဆက်ခံသူ[၁၂/ရပသ(နိုင်)၀၄၅၄၇၅]ကိုင်ဆောင်သူမှ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီထွန်း[၈/ဆမန(နိုင်)၀၄၁၈၉၇]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးဇေယျာထွန်း (LL.B)** | **ဒေါ်ယဉ်ယဉ်ထွန်း (LL.B, C.B.L, D.B.L)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၈၁)** |

**အမှတ်(၈၀၆-ခ)၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၃၀၅၆၁၅၆၊ ၀၉-၅၄၀၃၉၃၂**

တရားမပုံစံအမှတ် ၁၃၄

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် - ၅
## ကွယ်လွန်သူ ဦးမြင့်အေး၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်သန်းမြင့်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၃)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြင့်အေး၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းမြင့် က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၆) ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြင့်အေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၆)ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်)နေ့၌ နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာ ရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်သန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(ကြည်စု)၊ မြေကွက်အမှတ်(၁၂၁)၊ မင်္ဂလာသိဒ္ဓိလမ်း၊ တိုက်အမှတ်(၁၂၁)၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၃ ½)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်ညာခြမ်းခန်း)၊ အကျယ်အဝန်း(၁၂ ½ x၅၀)ပေခန့်ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားသူရောင်းသူ ဦးအေးမြင့်[၈/မဘန(နိုင်)၀၀၅၆၂၇]မှ တရားဝင်ပိုင်ဆိုင်လက်ရှိ အကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆို ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သက်ဝင်း[၁၂/ဒပန(နိုင်)၀၃၀၉၇၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်သက်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် LL.B, DIL, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၅၀)**
**အမှတ်(၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၅၁၁၇၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၆၇၅၊ မြေကွက်တည်နေရာအမှတ်(၆၇၅)၊ နီလာ(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်စောညွန့်(ZLN ၀၃၄၆၉၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၇၆ / ၂၀၂၅ဖြင့် ဒေါ်ခင်မမ[၇/ပခန(နိုင်)၂၂၅၈၇၉]၊ ဒေါ်သံသာနှင်းလွင် [၁၂/သဃက(နိုင်)၂၁၀၈၁၂] တို့မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် ဒေါ်စောညွန့်အား(တရားပြိုင်)ထားကာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသည့် (၂၅-၁-၂၀၂၆)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၂၄/၂၀၂၆)(၃-၃-၂၀၂၆)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား အရောင်းမြေပုံကူး လျှောက်ထားရန် ဒေါ်မြင့်မြင့်ကြည်အား ဘီလစ်ခန့်အပ်ထားကြောင်း (၁၃-၃- ၂၀၂၆) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်[၁၂/ဒပန(နိုင်)၀၂၈၃၄၂]မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၁ထပ်ခွဲတိုက် ၁လုံးတွင် (တရားနိုင်) ဒေါ်ခင်မမနှင့် ဒေါ်သံသာနှင်းလွင်တို့နေထိုင်ပြီး ကျန်အိမ်(၂)လုံးတွင် အဒေါ်ဖြစ်သူ ဒေါ်စန်းစန်းထွေးနှင့် ဦးလေးဖြစ်သူ ဦးကျော်ကျော်နိုင်တို့အား ထားရှိပါသည်။ ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်းနှင့် မြေပေါ်နေထိုင်သူတို့နှင့်ပတ်သက်၍ တာဝန်ယူကြောင်း လျှောက်ထားသူများနှင့် မြေပေါ်နေထိုင်သူတို့မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အမှတ်(၆၆) ဒုတိယထပ်(ဘီ-၃)လွှာ(ခြေရင်းခန်း) နှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးမင်းဘိုကျော်[၇/သဝတ(နိုင်)၀၈၇၀၈၉]နှင့် ဒေါ်ယမင်းမြတ်မွန်[၇/သဝတ(နိုင်)၀၉၆၅၈၇]တို့မှ မိမိတို့သာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ၎င်းတို့ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**

| **ဒေါ်အေးနန္ဒာလင်း(LL.B)** | **ဒေါ်မြတ်သီရိဇော်(LL.B)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၃၃၄)** |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၁နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

| ဒေါ်နှင်းအေးဝေ | နှင့် | ဦးထွန်းရီ |
|---|---|---|
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၂)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၃၀)နေ ဦးထွန်းရီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းအေးဝေက "ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်သန္တာထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်-၀၀-၃၄၊ ဦးပိုင်အမှတ် ၅၆-က/ ၆၁ x ၆၂ လမ်းကြား၊ A လမ်းမျက်နှာပြုရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချိန်ရှောက်စန်း [၁၃/ကလတ(နိုင်)၀၂၆၂၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၃၄၊ ဦးပိုင်အမှတ် ၅၆-ခ/ ၆၁ x ၆၂ လမ်းကြား၊ A လမ်းမျက်နှာပြုရှိ ဂရန် မြေကွက် အမည် ပေါက် သူ ဦးတင်မျိုးကျော်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် အမှတ် (၃၅/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်မိုးလွင် [၁/ဗမန(နိုင်)၀၃၇၈၈၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၈၅/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးချိန်ရှောင်စန်း [၁၃/ကလတ(နိုင်) ၀၂၆၂၉၀] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

